မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၃၁ ]  ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက် ( ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက် ) } သောကြာနေ့  [ အတွဲ ၆၇

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၈/၂၀၁၄**

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ သူနာပြုတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာဒေါ်ခွဲ့ခွဲ့ဦးအား ကျန်းမာရေးစီမံကိန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|
| (က) ဦးမောင်မောင်တင့် | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန |
| (ခ) ဦးမောင်မောင် | ညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြပ်မတ်ကွပ်ကဲမှုဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (ဂ) ဦးရဲမြင့် | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့်ငွေကြေးဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|
| (ဃ) ဒေါက်တာဒေါ်စန္ဒာဦး | ညွှန်ကြားရေးမှူးချုပ် ငွေကြေးစီမံခန့်ခွဲမှုဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၉/၂၀၁၄**

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်
( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက် )

**လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၁၃) ဖြင့် ဖွဲ့စည်းခဲ့သော **"လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီ"** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

| | |
|---|---|
| (၁) ဦးလှထွန်း<br>ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၆) | ဥက္ကဋ္ဌ |
| (၂) ဦးသာအေး<br>ဝန်ကြီးချုပ်<br>စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (၃) ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး<br>စစ်ရေးချုပ်<br>စစ်ရေးချုပ်ရုံး | ဒုတိယဥက္ကဋ္ဌ |
| (၄) ဒုတိယဗိုလ်ချုပ်ကြီးကိုကို<br>ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) ဦးစိုးဝင်း<br>ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(၆) ဦးဝင်းထွန်း — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

(၇) ဒေါက်တာမြင့်အောင် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
သတ္တုတွင်းဝန်ကြီးဌာန

(၈) ဦးအုန်းသန်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(၉) ဦးမျိုးအောင် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
စက်မှုဝန်ကြီးဌာန

(၁၀) ဦးဝင်းထိန် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
သတ္တုတွင်းဦးစီးဌာန
သတ္တုတွင်းဝန်ကြီးဌာန

(၁၁) ဒေါက်တာအောင်ထွန်းသက် — အဖွဲ့ဝင်
အဖွဲ့ဝင်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

(၁၂) ဦးမောင်မောင်တင့် — အဖွဲ့ဝင်
စီမံကိန်းဒါရိုက်တာ
မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်

(၁၃) Mr. Geng Yi — အဖွဲ့ဝင်
MD
မြန်မာဝမ်ပေါင်ကုမ္ပဏီ

(၁၄) ဦးတင်မြင့် — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(၁၅) ဦးဗရတ်ဆင်း — တွဲဖက်အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်
သမ္မတရုံးဝန်ကြီးဌာန (၆)

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၁၄)

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၄ ရက် )

### ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ဝယ်ယူရောင်းချခြင်းလုပ်ငန်းနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် Cayman Islands တွင် မှတ်ပုံတင်ထားသည့် PTTEP South Asia Ltd.၊ စင်ကာပူနိုင်ငံတွင် မှတ်ပုံတင်ထားသည့် Palang Sophon Offshore Pte. Ltd. နှင့် မြန်မာနိုင်ငံသားပိုင် စင်ကာပူနိုင်ငံတွင် မှတ်ပုံတင်ထားသည့် Win Precious Resources Pte. Ltd. တို့သည် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် (Production Sharing Contract - PSC) ကို ချုပ်ဆိုကြမည်ဖြစ်ပါသည်။

၃။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ) အရ အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ဝယ်ယူရောင်းချခြင်းလုပ်ငန်းနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၄) ခွင့်ပြုချက်ဖြင့် Cayman Islands တွင် မှတ်ပုံတင်ထားသည့် PTTEP South Asia Ltd.၊ စင်ကာပူနိုင်ငံတွင် မှတ်ပုံတင်ထားသည့် Palang Sophon Offshore Pte. Ltd. နှင့် မြန်မာနိုင်ငံသားပိုင် စင်ကာပူနိုင်ငံတွင် မှတ်ပုံတင်ထားသည့် Win Precious Resources Pte. Ltd. တို့အား အောက်ဖော်ပြပါ နယ်မြေသတ်မှတ်ချက်အတွင်း လုပ်ငန်းစတင်ဆောင်ရွက်သည့်နေ့ရက်မှစ၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည် -

**ကုန်းပိုင်းလုပ်ကွက် MOGE-3 (ပိတောက်ပင်-နတ်မီးဒေသ)**

| ပွိုင့်အမှတ် | လတ္တီတွဒ် | လောင်ဂျီတွဒ် |
|---|---|---|
| အေ | ၁၉° ၃၄' ၀၀" | ၉၄° ၅၇' ၃၀" |
| ဘီ | ၁၉° ၃၄' ၀၀" | ၉၅° ၁၁' ၀၀" |
| စီ | ၁၉° ၀၅' ၀၀" | ၉၅° ၁၂' ၀၀" |
| ဒီ | ၁၉° ၀၅' ၀၀" | ၉၅° ၀၀' ၀၀" |
| အေ | ၁၉° ၃၄' ၀၀" | ၉၄° ၅၇' ၃၀" |

၄။ လုပ်ကိုင်ဆောင်ရွက်ခွင့်ရသည့် အထက်ပါကုမ္ပဏီသည် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်။

၅။ စွမ်းအင်ဝန်ကြီးဌာနအား အပိုဒ် ၃ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသော လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၁၄)

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်
( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၄ ရက် )

### ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ဝယ်ယူရောင်းချခြင်းလုပ်ငန်းနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် နယ်သာလန်နိုင်ငံ Eni Myanmar B.V. နှင့် မြန်မာနိုင်ငံမှ Myanmar Petroleum Exploration and Production Co., Ltd. တို့သည် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် (Production Sharing Contarct - PSC) ကို ချုပ်ဆိုကြမည် ဖြစ်ပါသည်။

၃။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ) အရ အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ဝယ်ယူရောင်းချခြင်းလုပ်ငန်းနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၄) ခွင့်ပြုချက်ဖြင့် နယ်သာလန်နိုင်ငံ Eni Myanmar B.V. နှင့် မြန်မာနိုင်ငံမှ Myanmar Petroleum Exploration and Production Co., Ltd. တို့အား အောက်ဖော်ပြပါ နယ်မြေသတ်မှတ်ချက်အတွင်း လုပ်ငန်းစတင်ဆောင်ရွက်သည့်နေ့ရက်မှစ၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည် -

**ကုန်းပိုင်းလုပ်ကွက် PSC - K (ရမည်းသင်းဒေသ)**

| ပွိုင့်အမှတ် | လတ္တီတွဒ် | လောင်ဂျီတွဒ် |
|---|---|---|
| အေ | ၂၁° ၄၈' ၀၀" | ၉၆° ၀၀' ၀၀" |
| ဘီ | ၂၁° ၄၈' ၀၀" | ၉၆° ၁၉' ၂၉" |
| စီ | ၂၀° ၁၀' ၀၀" | ၉၆° ၂၀' ၀၀" |
| ဒီ | ၂၀° ၁၀' ၀၀" | ၉၅° ၅၆' ၃၂" |
| အီး | ၂၁° ၀၀' ၀၀" | ၉၆° ၀၀' ၀၀" |
| အေ | ၂၁° ၄၈' ၀၀" | ၉၆° ၀၀' ၀၀" |

၄။ လုပ်ကိုင်ဆောင်ရွက်ခွင့်ရသည့် တစ်ဖက်ပါကုမ္ပဏီသည် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်။

၅။ စွမ်းအင်ဝန်ကြီးဌာနအား အပိုဒ် ၃ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသော လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၄ ရက် )

**ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ဝယ်ယူရောင်းချခြင်းလုပ်ငန်းနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် နယ်သာလန်နိုင်ငံ Eni Myanmar B.V. နှင့် မြန်မာနိုင်ငံမှ Myanmar Petroleum Exploration and Production Co., Ltd. တို့သည် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် (Production Sharing Contarct - PSC) ကို ချုပ်ဆိုကြမည်ဖြစ်ပါသည်။

၃။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ) အရ အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ဝယ်ယူရောင်းချခြင်းလုပ်ငန်းနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၄) ခွင့်ပြုချက်ဖြင့် နယ်သာလန်နိုင်ငံ Eni Myanmar B.V. နှင့် မြန်မာနိုင်ငံမှ Myanmar Petroleum Exploration and Production Co., Ltd. တို့အား အောက်ဖော်ပြပါ နယ်မြေသတ်မှတ်ချက်အတွင်း လုပ်ငန်းစတင်ဆောင်ရွက်သည့်နေ့ရက်မှစ၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည် -

**ကုန်းပိုင်းလုပ်ကွက် RSF - 5 (အုန်းတွဲဒေသ)**

| **ပွိုင့်အမှတ်** | **လတ္တီတွဒ်** | **လောင်ဂျီတွဒ်** |
|---|---|---|
| အေ | ၂၀° ၁၅' ၀၀" | ၉၅° ၀၀' ၀၀" |
| ဘီ | ၂၀° ၁၅' ၀၀" | ၉၅° ၂၀' ၀၀" |
| စီ | ၁၉° ၅၅' ၀၀" | ၉၅° ၂၀' ၀၀" |
| ဒီ | ၁၉° ၅၅' ၀၀" | ၉၅° ၀၀' ၀၀" |
| အေ | ၂၀° ၁၅' ၀၀" | ၉၅° ၀၀' ၀၀" |

၄။ လုပ်ကိုင်ဆောင်ရွက်ခွင့်ရသည့် တစ်ဖက်ပါကုမ္ပဏီသည် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်။

၅။ စွမ်းအင်ဝန်ကြီးဌာနအား အပိုဒ် ၃ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသော လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၄၆/၂၀၁၄**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်
( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက် )

ပြည်ထောင်စုအစိုးရအဖွဲ့သည် ၂၀၁၅ ခုနှစ်၊ ပြက္ခဒိန်နှစ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အတွင်းရှိ ရုံးများ၏ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများအက်ဥပဒေပုဒ်မ ၂၅ အရ အောက်ဖော်ပြပါ နေ့ရက်များမှာ အများပြည်သူတို့၏ အလုပ်ပိတ်ရက်များဖြစ်ကြောင်း ကြေညာလိုက်သည် -

| **စဉ်** | **နေ့** | **ရက်** | **အရေအတွက်** |
|---|---|---|---|
| ၁။ | လွတ်လပ်ရေးနေ့ | ၄-၁-၂၀၁၅ | ၁ ရက် |
| ၂။ | ပြည်ထောင်စုနေ့ | ၁၂-၂-၂၀၁၅ | ၁ ရက် |
| ၃။ | တောင်သူလယ်သမားနေ့ | ၂-၃-၂၀၁၅ | ၁ ရက် |
| ၄။ | တပေါင်းလပြည့်နေ့ | ၄-၃-၂၀၁၅ | ၁ ရက် |
| ၅။ | တပ်မတော်နေ့ | ၂၇-၃-၂၀၁၅ | ၁ ရက် |
| ၆။ | နှစ်သစ်ကူးရုံးပိတ်ရက်များ (မဟာသင်္ကြန်အကြိုနေ့မတိုင်မီ တစ်ရက်မှစ၍ ၁၀ ရက်တိတိ) | ၁၂-၄-၂၀၁၅ မှ ၂၁-၄-၂၀၁၅ ထိ | ၁၀ ရက် |
| ၇။ | ကမ္ဘာ့အလုပ်သမားနေ့ | ၁-၅-၂၀၁၅ | ၁ ရက် |
| ၈။ | ကဆုန်လပြည့်နေ့ | ၂-၅-၂၀၁၅ | ၁ ရက် |
| ၉။ | အာဇာနည်နေ့ | ၁၉-၇-၂၀၁၅ | ၁ ရက် |
| ၁၀။ | ဝါဆိုလပြည့်နေ့ | ၃၁-၇-၂၀၁၅ | ၁ ရက် |
| ၁၁။ | သီတင်းကျွတ်လပြည့်နေ့ | ၂၈-၁၀-၂၀၁၅ | ၁ ရက် |
| ၁၂။ | တန်ဆောင်မုန်းလပြည့်နေ့ | ၂၆-၁၁-၂၀၁၅ | ၁ ရက် |
| ၁၃။ | အမျိုးသားအောင်ပွဲနေ့ | ၆-၁၂-၂၀၁၅ | ၁ ရက် |
| ၁၄။ | ခရစ္စမတ်နေ့ | ၂၅-၁၂-၂၀၁၅ | ၁ ရက် |

| စဉ် | နေ့ | ရက် | အရေအတွက် |
|---|---|---|---|
| ၁၅။ | အီဒွလ်အဿွာဟာပွဲနေ့ | × | ၁ ရက် |
| ၁၆။ | ဒီပါဝလီနေ့ | × | ၁ ရက် |

**မှတ်ချက်**။ (၁) ကရင်နှစ်သစ်ကူးနေ့ (ပြာသိုလဆန်း ၁ ရက်နေ့သည် ၂၀၁၅ ခုနှစ်အတွင်း ကျရောက်ခြင်း မရှိပါ။)

(၂) အီဒွလ်အဿွာဟာပွဲနေ့နှင့် ဒီပါဝလီနေ့များအတွက် ကျရောက်မည့်နေ့ရက်များကို သီးခြားကြေညာပါမည်။

(၃) ဘဏ်ပိတ်ရက် ၃ ရက်ကို သက်ဆိုင်ရာအဖွဲ့အစည်းများမှ ကြေညာမည် ဖြစ်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်
( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၇ ရက် )

**လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၅။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၅။ )**

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်
( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၇ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၃ တို့တွင် ပါရှိသော "လုပ်ထုံးလုပ်နည်းဖြင့်" ဆိုသည့် စကားရပ်ကို "အမိန့်ကြော်ငြာစာဖြင့်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေပုဒ်မ ၉ တွင် ပါရှိသော "ထောင်ဒဏ် ခြောက်လ သို့မဟုတ် ငွေဒဏ် ကျပ်ငါးထောင် သို့မဟုတ် ဒဏ်နှစ်ရပ်လုံး ကျခံစေရမည်။" ဆိုသည့် စကားရပ်ကို "ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်သုံးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၀ တွင် ပါရှိသော "ထောင်ဒဏ် သုံးလ သို့မဟုတ် ငွေဒဏ် ကျပ်သုံးထောင် သို့မဟုတ် ဒဏ်နှစ်ရပ်လုံး ကျခံစေရမည်။" ဆိုသည့် စကားရပ်ကို "ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၁ တွင် ပါရှိသော "ထောင်ဒဏ် တစ်လ ကျခံစေရမည်။" ဆိုသည့် စကားရပ်ကို "ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေတွင် ပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၀/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၄ ရက် )

**စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၈။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေ**

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၈။ )**

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ခ) **စံချိန်စံညွှန်း** ဆိုသည်မှာ နယ်ပယ်တစ်ခုတွင်ရှိသော သက်ဆိုင်ရာကဏ္ဍတစ်ခု၌ အနိမ့်ဆုံးသတ်မှတ်ချက်ပြည့်မီစေရန် ရည်ရွယ်၍ စံချိန်စံညွှန်းဆိုင်ရာ သက်ဆိုင်သည့် လုပ်ပိုင်ခွင့်ရှိသော အဖွဲ့အစည်းက အများသဘောတူညီချက်ကို အခြေခံ၍ ပြုစုရေးဆွဲအတည်ပြုထားသည့် ယေဘုယျနှင့် အကြိမ်ကြိမ်အသုံးချနိုင်သော စည်းမျဉ်းစည်းကမ်းများ၊ လမ်းညွှန်ချက်များ၊ ဆောင်ရွက်မှုသွင်ပြင်လက္ခဏာများ သို့မဟုတ် ယင်းတို့၏အကျိုးဆက်များကို ဖွင့်ဆိုရှင်းပြသည့် သတ်မှတ်ချက်များကို ဆိုသည်။

(ဂ) **စံချိန်စံညွှန်းသတ်မှတ်ခြင်း** ဆိုသည်မှာ လုပ်ကိုင်ဆောင်ရွက်မည့်ကိစ္စတစ်ခုတွင် ထုတ်လုပ်သူများနှင့် စားသုံးသူများ၊ သုံးစွဲသူများ၏အကျိုးအတွက် လက်တွေ့အသုံးဝင်မှုအခြေအနေနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးလိုအပ်ချက်များကို ထည့်သွင်းစဉ်းစားပြီး စီးပွားရေးတိုးတက်မြင့်မားစေရန် သက်ဆိုင်ရာကျွမ်းကျင်သူများ စုပေါင်းပါဝင်၍ စံချိန်စံညွှန်း ရေးဆွဲသတ်မှတ်သည့် ဆောင်ရွက်မှုလုပ်ငန်းများကို ဆိုသည်။

(ဃ) **မြန်မာနိုင်ငံစံချိန်စံညွှန်း**ဆိုသည်မှာ အမျိုးသားစံချိန်စံညွှန်းကောင်စီက သတ်မှတ်သော အမျိုးသားစံချိန်စံညွှန်းကို ဆိုသည်။

(င) **ပြည်ပနိုင်ငံစံချိန်စံညွှန်း**ဆိုသည်မှာ ပြည်ပနိုင်ငံတစ်ခုခုတွင် ဥပဒေအရ လုပ်ပိုင်ခွင့်ရှိသော အဖွဲ့အစည်းက သတ်မှတ်သော ယင်းနိုင်ငံ၏ အမျိုးသားစံချိန်စံညွှန်းကို ဆိုသည်။

(စ) **ဒေသဆိုင်ရာစံချိန်စံညွှန်း**ဆိုသည်မှာ ဒေသဆိုင်ရာစံချိန်စံညွှန်းအဖွဲ့က သတ်မှတ်သော စံချိန်စံညွှန်းကို ဆိုသည်။

(ဆ) **ဒေသဆိုင်ရာစံချိန်စံညွှန်းအဖွဲ့**ဆိုသည်မှာ အာဆီယံဒေသဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် ဥရောပဒေသဆိုင်ရာအဖွဲ့အစည်းကဲ့သို့သော အဖွဲ့အစည်းများ၏ စံချိန်စံညွှန်းအဖွဲ့ကို ဆိုသည်။

(ဇ) **အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်း**ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းအဖွဲ့တစ်ခုခုက သတ်မှတ်သော စံချိန်စံညွှန်းကို ဆိုသည်။

(ဈ) **မဖြစ်မနေလိုက်နာရမည့်စံချိန်စံညွှန်း**ဆိုသည်မှာ လူ့ကျန်းမာရေး၊ ပုဂ္ဂလိကပစ္စည်းလုံခြုံရေးနှင့် စပ်လျဉ်း၍ အမျိုးသားစံချိန်စံညွှန်းကောင်စီက ဤဥပဒေအရ မဖြစ်မနေလိုက်နာရမည်ဟု သတ်မှတ်သည့် စံချိန်စံညွှန်းကို ဆိုသည်။

(ည) **ဆန္ဒအလျောက်လိုက်နာနိုင်သည့် စံချိန်စံညွှန်း**ဆိုသည်မှာ မဖြစ်မနေလိုက်နာရမည့် စံချိန်စံညွှန်းတွင် အကျုံးမဝင်သော စံချိန်စံညွှန်းကို ဆိုသည်။

(ဋ) **အသိအမှတ်ပြုလွှာ**ဆိုသည်မှာ အရည်အသွေးထောက်ခံချက် ထုတ်ပေးနိုင်ရေးအတွက် နည်းပညာဆိုင်ရာ စစ်ဆေးမှု၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုနှင့် လိုအပ်သော အခြားဝန်ဆောင်မှုများကို ဆောင်ရွက်နိုင်စွမ်းရှိကြောင်း အသိအမှတ်ပြုသော ဤဥပဒေအရ ထုတ်ပေးသည့် အထောက်အထားလက်မှတ်ကို ဆိုသည်။

(ဌ) **အရည်အသွေးထောက်ခံချက်**ဆိုသည်မှာ ထုတ်ကုန်၊ ထုတ်လုပ်မှုနည်းစဉ်၊ ဝန်ဆောင်မှုဆိုင်ရာစံချိန်စံညွှန်းနှင့် ကိုက်ညီကြောင်း ဤဥပဒေအရ ထုတ်ပေးသည့် ထောက်ခံချက်လက်မှတ်ကို ဆိုသည်။

(ဍ) **စံချိန်စံညွှန်းဆိုင်ရာအမှတ်တံဆိပ်**ဆိုသည်မှာ အသိအမှတ်ပြုကြောင်း အမှတ်တံဆိပ်နှင့် အရည်အသွေးအမှတ်တံဆိပ်များဖြစ်သော ထုတ်ကုန်အရည်အသွေးအမှတ်တံဆိပ်၊ ထုတ်လုပ်မှုနည်းစဉ်ဆိုင်ရာ အရည်အသွေးအမှတ်တံဆိပ်နှင့် ဝန်ဆောင်မှုအရည်အသွေးအမှတ်တံဆိပ်တို့ ပါဝင်သည်။

(ဎ) **ဥပဒေအရ တိကျစွာတိုင်းတာခြင်းနည်းပညာ**ဆိုသည်မှာ တရားဝင်ထိန်းချုပ်ရေး၊ ကုန်သွယ်ရေး၊ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့နှင့် သက်ဆိုင်သော သင့်တင့်လျောက်ပတ်သည့် အရည်အသွေးနှင့် ယုံကြည်စိတ်ချရသော တိုင်းတာမှုများကို ပြည့်စုံတိကျစေရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက သတ်မှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ၊ ဥပဒေပြုရေးဆိုင်ရာနှင့် နည်းပညာပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအစီအစဉ်တစ်ရပ်လုံးကို ဆိုသည်။

(ဏ) **ကောင်စီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် အမျိုးသားစံချိန်စံညွှန်းကောင်စီကို ဆိုသည်။

(တ) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် စံချိန်စံညွှန်းလုပ်ငန်းကော်မတီကို ဆိုသည်။

(ထ) **ဦးစီးဌာန**ဆိုသည်မှာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန် တာဝန်ပေးသော ဦးစီးဌာနကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာနိုင်ငံစံချိန်စံညွှန်းများကို သတ်မှတ်နိုင်ရန်၊

(ခ) ကုန်ထုတ်လုပ်မှုဆိုင်ရာအဖွဲ့အစည်းများနှင့် ယင်းတို့၏ထုတ်ကုန်များ၊ ထုတ်လုပ်မှုနည်းစဉ်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးကို မြင့်မားစေပြီး ပြည်ပပို့ကုန်မြှင့်တင်ရေး အထောက်အကူပြုနိုင်ရန်၊

(ဂ) သွင်းကုန်များနှင့် ထုတ်ကုန်များသည် သတ်မှတ်ထားသည့် စံချိန်စံညွှန်းအောက် မနိမ့်ကျကြောင်းနှင့် လုံခြုံမှုရှိပြီး ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းကြောင်း အာမခံခြင်းဖြင့် စားသုံးသူများနှင့် သုံးစွဲသူများကို အကာအကွယ်ပေးနိုင်ရန်၊

(ဃ) ထုတ်ကုန်များနှင့်လည်းကောင်း၊ ထုတ်လုပ်မှုနည်းစဉ်များနှင့်လည်းကောင်း၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့်လည်းကောင်း ဆက်စပ်နေသောပတ်ဝန်းကျင်ကို အန္တရာယ်ကျရောက်ခြင်းမှ ကာကွယ်ရေးနှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို အထောက်အကူပြုနိုင်ရန်၊

(င) သတ်မှတ်ထားသောစံချိန်စံညွှန်းနှင့် မကိုက်ညီသည့် အရည်အသွေးပြည့်မီခြင်းမရှိသော ကုန်ပစ္စည်းများ၊ ဘေးဥပဒ်မကင်းသောကုန်ပစ္စည်းများနှင့် ပတ်ဝန်းကျင်ကို ထိခိုက်နိုင်သောကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးခြင်းနှင့် နိုင်ငံအတွင်းသို့ တင်သွင်းခြင်းမှ ကာကွယ်နိုင်ရန်၊

(စ) အပြည်ပြည်ဆိုင်ရာ လွတ်လပ်သော ကုန်သွယ်မှုဒေသများ ထူထောင်ရာတွင် အထောက်အကူဖြစ်စေရန်နှင့် ကုန်သွယ်ရေးဆိုင်ရာနည်းပညာအတားအဆီးများကို လျှော့ချနိုင်ရန်၊

(ဆ) မြန်မာ့အမျိုးသားဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်နှင့်အညီ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့်လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် စံချိန်စံညွှန်းများကို အသုံးချ၍ တိုင်းပြည်၏ နည်းပညာလွှဲပြောင်းပေးမှုနှင့် နည်းပညာတီထွင်မှုတို့ကို လွယ်ကူချောမွေ့စေရန်။

## အခန်း (၃)
## အမျိုးသားစံချိန်စံညွှန်းကောင်စီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ အစိုးရအဖွဲ့သည် -

(က) အမျိုးသားစံချိန်စံညွှန်းကောင်စီကို အဖွဲ့ဝင် ၁၀ ဦးထက်မပိုသော ပုဂ္ဂိုလ်များဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | အစိုးရအဖွဲ့က တာဝန်ပေးသော ပြည်ထောင်စုဝန်ကြီးတစ်ဦး | ဥက္ကဋ္ဌ |
| (၂) | ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ | အဖွဲ့ဝင်များ |
| (၃) | အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ | အဖွဲ့ဝင်များ |
| (၄) | ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသောပုဂ္ဂိုလ်များနှင့် အခြားသင့်လျော်သောပုဂ္ဂိုလ်များ | အဖွဲ့ဝင်များ |
| (၅) | ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် | အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ (က) အရ ကောင်စီဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော ကောင်စီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကောင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေ၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မူဝါဒချမှတ်ခြင်းနှင့် လမ်းညွှန်ခြင်း၊

(ခ) အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများ၊ ဒေသဆိုင်ရာစံချိန်စံညွှန်းများနှင့် ပြည်ပနိုင်ငံစံချိန်စံညွှန်းများအနက် သင့်လျော်သောစံချိန်စံညွှန်းများကို လက်ခံ၍ဖြစ်စေ၊ မြန်မာနိုင်ငံ၏ အခြေအနေနှင့်အညီ ပြောင်းလဲ၍ဖြစ်စေ မြန်မာနိုင်ငံစံချိန်စံညွှန်းကို သတ်မှတ်ခြင်း၊

(ဂ) ကုန်ကြမ်းပစ္စည်း၊ စက်ကိရိယာတန်ဆာပလာ၊ ထုတ်ကုန်၊ ထုတ်လုပ်မှုနည်းစဉ်၊ စမ်းသပ်စစ်ဆေးနည်းများ၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် မြန်မာနိုင်ငံစံချိန်စံညွှန်းကို သတ်မှတ်ခြင်း၊

(ဃ) သွင်းကုန်ပစ္စည်းနှင့် ပို့ကုန်ပစ္စည်းများအတွက် မြန်မာနိုင်ငံစံချိန်စံညွှန်းကို သတ်မှတ်ခြင်း၊

(င) မြန်မာနိုင်ငံစံချိန်စံညွှန်းများတွင် မဖြစ်မနေလိုက်နာရမည့် စံချိန်စံညွှန်းများကို သတ်မှတ်ခြင်း၊

(စ) မြန်မာနိုင်ငံစံချိန်စံညွှန်းများကို သက်ဆိုင်ရာကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများက လက်ခံကျင့်သုံးရေးအတွက် ဆောင်ရွက်ခြင်း၊

(ဆ) စံချိန်စံညွှန်းဆိုင်ရာအမှတ်တံဆိပ် သုံးစွဲခွင့်ရယူထားသော ဌာန၊ အဖွဲ့အစည်းက သက်ဆိုင်ရာစံချိန်စံညွှန်းပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးရန် ကော်မတီသို့ အခါအားလျော်စွာ ညွှန်ကြားခြင်း၊

(ဇ) အသိအမှတ်ပြုလွှာနှင့် အရည်အသွေးထောက်ခံချက်များ ထုတ်ပေးခြင်းဆိုင်ရာစည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(ဈ) အသိအမှတ်ပြုလွှာနှင့် အရည်အသွေးထောက်ခံချက်များနှင့်စပ်လျဉ်း၍ ကော်မတီ၏ တင်ပြချက်ကို အဆုံးအဖြတ်ပေးခြင်း၊

(ည) အသိအမှတ်ပြုလွှာရရှိသော ဌာန၊ အဖွဲ့အစည်းက ထုတ်ပေးမည့် အရည်အသွေးထောက်ခံချက်အမျိုးအစားတစ်ခုစီ၏ စံချိန်စံညွှန်းဆိုင်ရာအမှတ်တံဆိပ်များကို အတည်ပြုခြင်း၊

(ဋ) ဥပဒေအရ တိကျစွာ တိုင်းတာခြင်းနည်းပညာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန် ကော်မတီသို့ လိုအပ်သလို ညွှန်ကြားခြင်း၊

(ဌ) အသိအမှတ်ပြုလွှာပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိလျှင် အသိအမှတ်ပြုလွှာရရှိသော သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား သတိပေးခြင်း၊ အသိအမှတ်ပြုလွှာကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဍ) မြန်မာနိုင်ငံစံချိန်စံညွှန်းဆိုင်ရာကိစ္စများနှင့် ရန်ပုံငွေဆိုင်ရာကိစ္စများကို အစိုးရအဖွဲ့သို့ အခါအားလျော်စွာ အစီရင်ခံတင်ပြခြင်း။

## အခန်း (၄)
## စံချိန်စံညွှန်းလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၆။ ကောင်စီသည် -

(က) ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် အခြားသင့်လျော်သည့် ပညာရှင်တစ်ဦးဦးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သိပ္ပံနှင့်အင်ဂျင်နီယာဆိုင်ရာပညာရှင်များနှင့် ဥပဒေပညာရှင်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သည့် စံချိန်စံညွှန်းလုပ်ငန်းကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် အတွင်းရေးမှူးကို သတ်မှတ်တာဝန်ပေးအပ်ပြီး လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်တာဝန်ပေးအပ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော ကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာနိုင်ငံစံချိန်စံညွှန်းများကို ရေးဆွဲ၍ ကောင်စီသို့ တင်ပြခြင်း၊

(ခ) စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် လိုအပ်သည့် နည်းပညာ၊ ထုတ်လုပ်မှုနည်းစဉ်နှင့် စက်ကိရိယာတန်ဆာပလာများကို သတ်မှတ်ခြင်း၊

(ဂ) ထုတ်ကုန်များကို အခါအားလျော်စွာစစ်ဆေး၍ မဖြစ်မနေလိုက်နာရမည့် မြန်မာနိုင်ငံစံချိန်စံညွှန်းနှင့် ကိုက်ညီမှု ရှိ၊ မရှိ ဆုံးဖြတ်ခြင်း၊

(ဃ) သွင်းကုန်ပစ္စည်းနှင့် ပို့ကုန်ပစ္စည်းများသည် မြန်မာနိုင်ငံစံချိန်စံညွှန်းနှင့် ကိုက်ညီခြင်း ရှိ၊ မရှိ စစ်ဆေးနိုင်ရန် ညှိနှိုင်းစီစဉ်ပေးခြင်း၊

(င) အသိအမှတ်ပြုလွှာထုတ်ပေးရန်နှင့် သက်တမ်းတိုးမြှင့်ပေးရန် ကိစ္စရပ်များကို ထပ်ဆင့်စိစစ်၍ ကောင်စီသို့ တင်ပြခြင်း၊

(စ) ဥပဒေအရ တိကျစွာတိုင်းတာခြင်းနည်းပညာနှင့်စပ်လျဉ်းသည့် ကိစ္စရပ်ကို ကောင်စီသို့ တင်ပြခြင်းနှင့် ကောင်စီ၏ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ဆ) ထုတ်ကုန်၊ အသုံးပြုသောကုန်ကြမ်းပစ္စည်း၊ နည်းပညာ၊ ထုတ်လုပ်မှုနည်းစဉ်နှင့် စက်ကိရိယာတန်ဆာပလာများသည် သက်ဆိုင်ရာစံချိန်စံညွှန်းများနှင့် ကိုက်ညီခြင်း ရှိ၊ မရှိ သိရှိနိုင်ရန် အရည်အသွေးထောက်ခံချက်ရရှိသူ၏ လုပ်ငန်းခွင်သို့ အခါအားလျော်စွာ ဝင်ရောက်စစ်ဆေးခြင်းနှင့် စစ်ဆေးစေခြင်း၊

(ဇ) စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာသင်တန်းများနှင့် ဆွေးနွေးပွဲများ ကျင်းပခြင်း၊

(ဈ) မြန်မာနိုင်ငံစံချိန်စံညွှန်းကို ဈေးကွက်နှင့် အခြားအခြေအနေများအရ လိုအပ်ပါက ပြင်ဆင်နိုင်ရန် ကောင်စီသို့ အကြံပြုတင်ပြခြင်း၊

(ည) မြန်မာနိုင်ငံစံချိန်စံညွှန်းများကို ရေးဆွဲ၍ မဖြစ်မနေလိုက်နာရမည့် စံချိန်စံညွှန်းနှင့် ဆန္ဒအလျောက်လိုက်နာနိုင်သည့် စံချိန်စံညွှန်းများကို အကြံပြုချက်ဖြင့် ကောင်စီသို့ ခွဲခြားတင်ပြခြင်း၊

(ဋ) ကော်မတီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် နည်းပညာဆပ်ကော်မတီများ ဖွဲ့စည်းခြင်းနှင့် ယင်းဆပ်ကော်မတီများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဌ) ကောင်စီက အခါအားလျော်စွာပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၈။ ကော်မတီသည် -

(က) မူဝါဒနှင့်သက်ဆိုင်သော အရေးကြီးသည့်ကိစ္စများကို ကောင်စီသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူ ဆောင်ရွက်ရမည်။

(ခ) မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ တင်ပြရမည်။

## အခန်း (၅)
## အသိအမှတ်ပြုလွှာ လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၉။ အရည်အသွေးထောက်ခံချက် ထုတ်ပေးခွင့်ရရှိလိုသော ပြည်တွင်း၊ ပြည်ပမှ ဌာန၊ အဖွဲ့အစည်းတစ်ခုခုသည်လည်းကောင်း၊ အရည်အသွေးထောက်ခံချက် ထုတ်ပေးခွင့်ရှိသည့် ဌာန၊ အဖွဲ့အစည်းတစ်ခုခုနှင့် ဆက်နွှယ်သည့် လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်လိုသော ပုဂ္ဂိုလ်တစ်ဦးဦးသည်လည်းကောင်း အသိအမှတ်ပြုလွှာ ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၁၀။ ဦးစီးဌာနသည် အသိအမှတ်ပြုလွှာရရှိရန် ပုဒ်မ ၉ အရ လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ လျှောက်ထားသောဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များက နည်းပညာဆိုင်ရာစစ်ဆေးမှုများ၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများနှင့် အခြားလိုအပ်သော ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်စွမ်း ရှိ၊ မရှိ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ကော်မတီမှတစ်ဆင့် ကောင်စီသို့ တင်ပြရမည်။

၁၁။ ကောင်စီသည် ဦးစီးဌာန၏ သဘောထားမှတ်ချက်ကို စိစစ်သုံးသပ်၍ အသိအမှတ်ပြုလွှာ ထုတ်ပေးရန် သို့မဟုတ် ငြင်းပယ်ရန် ဆုံးဖြတ်ပြီး ကော်မတီမှတစ်ဆင့် ဦးစီးဌာနသို့ အကြောင်းကြားရမည်။

၁၂။ အသိအမှတ်ပြုလွှာရရှိသည့်ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်များသည် အသိအမှတ်ပြုကြောင်း အမှတ်တံဆိပ်ကို သုံးစွဲခွင့်ရှိသည်။

၁၃။ ဦးစီးဌာနသည် ကောင်စီ၏ ဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

၁၄။ (က) အသိအမှတ်ပြုလွှာရရှိသော ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်များသည် အသိအမှတ်ပြုလွှာကို သက်တမ်းတိုးမြှင့်လိုပါက သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ကော်မတီမှတစ်ဆင့် ကောင်စီသို့ တင်ပြရမည်။

၁၅။ (က) ကောင်စီသည် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ) အရ တင်ပြချက်ကို စိစစ်ပြီး အသိအမှတ်ပြုလွှာ သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် အသိအမှတ်ပြုလွှာသက်တမ်း တိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ကောင်စီသည် အသိအမှတ်ပြုလွှာသက်တမ်း၊ အသိအမှတ်ပြုလွှာကြေးနှင့် အသိအမှတ်ပြုလွှာ သက်တမ်းတိုးမြှင့်ခများကို သတ်မှတ်ရမည်။

၁၆။ အသိအမှတ်ပြုလွှာရရှိသော ဌာန၊ အဖွဲ့အစည်းသည် -

(က) ထုတ်ပေးနိုင်သည့် အရည်အသွေးထောက်ခံချက် အမျိုးအစားတစ်ခုစီအတွက် စံချိန်စံညွှန်းဆိုင်ရာ အမှတ်တံဆိပ်ကို ကောင်စီ၏ အတည်ပြုချက်ရယူပြီး ဦးစီးဌာနတွင် မှတ်ပုံတင်ရမည်။

(ခ) အရည်အသွေးထောက်ခံချက် ထုတ်ပေးသည့် လုပ်ငန်းများစာရင်းကို သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ တင်ပြရမည်။

## အခန်း (၆)

## အရည်အသွေးထောက်ခံချက် ရရှိရန် လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၁၇။ အရည်အသွေးထောက်ခံချက် ရရှိလိုသူသည် ဦးစီးဌာန၏ အသိအမှတ်ပြုလွှာရရှိသော ဌာန၊ အဖွဲ့အစည်းသို့ လျှောက်ထားရမည်။

၁၈။ အသိအမှတ်ပြုလွှာရရှိသော ဌာန၊ အဖွဲ့အစည်းသည် သတ်မှတ်ချက်များနှင့်အညီ စမ်းသပ်စစ်ဆေး၍ စည်းကမ်းချက်များ ပါရှိသည့် အောက်ပါအရည်အသွေးထောက်ခံချက် အမျိုးအစားများကို ထုတ်ပေးခွင့်ရှိသည် -

(က) ထုတ်ကုန်အရည်အသွေးထောက်ခံချက်၊

(ခ) ထုတ်လုပ်မှုနည်းစဉ်အရည်အသွေးထောက်ခံချက်၊

(ဂ) ဝန်ဆောင်မှုအရည်အသွေးထောက်ခံချက်။

## အခန်း (၇)

## ကော်မတီ၏အရေးယူပိုင်ခွင့်

၁၉။ အရည်အသွေးထောက်ခံချက်ရရှိသူက သက်ဆိုင်ရာထောက်ခံချက်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိလျှင် ကော်မတီသည် အောက်ပါအရေးယူမှုတစ်ရပ်ရပ်ကို ဆုံးဖြတ်ဆောင်ရွက်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) အရည်အသွေးထောက်ခံချက်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဂ) အရည်အသွေးထောက်ခံချက်ကို ပယ်ဖျက်ခြင်း။

၂၀။ အသိအမှတ်ပြုလွှာရရှိသူက သက်ဆိုင်ရာအသိအမှတ်ပြုလွှာပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိလျှင် ကော်မတီသည် အောက်ပါအရေးယူမှုတစ်ရပ်ရပ်ကို ဆုံးဖြတ်ဆောင်ရွက်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) အသိအမှတ်ပြုလွှာကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဂ) အသိအမှတ်ပြုလွှာကို ပယ်ဖျက်ခြင်း။

## အခန်း (၈)
## အယူခံခြင်း

၂၁။ ကော်မတီက ပုဒ်မ ၁၉ သို့မဟုတ် ပုဒ်မ ၂၀ အရ ဆုံးဖြတ်ဆောင်ရွက်ခဲ့သော အရေးယူမှုတစ်ရပ်ရပ်ကိုဖြစ်စေ၊ ကော်မတီက ချမှတ်သော အခြားဆုံးဖြတ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ မကျေနပ်သူသည် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ အယူခံနိုင်သည်။

၂၂။ ကောင်စီသည် ကော်မတီ၏ အရေးယူဆောင်ရွက်မှု သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်းနှင့် ပြင်ဆင်ပြောင်းလဲခြင်း ပြုနိုင်သည်။

၂၃။ ကောင်စီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၉)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၄။ မည်သူမဆို အသိအမှတ်ပြုလွှာမရရှိဘဲ အရည်အသွေးထောက်ခံချက်ကို ထုတ်ပေးကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းသုံးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၅။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကို ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းသုံးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) စံချိန်စံညွှန်းဆိုင်ရာအမှတ်တံဆိပ်တစ်ခုခုကို အတုပြုလုပ်ခြင်း၊

(ခ) ကောင်စီက သုံးစွဲခွင့်ပြုထားခြင်း သို့မဟုတ် အတည်ပြုထားခြင်းမရှိသော စံချိန်စံညွှန်းဆိုင်ရာအမှတ်တံဆိပ်ကို အသုံးပြုခြင်း၊

(ဂ) ကောင်စီက သတ်မှတ်သည့် မဖြစ်မနေလိုက်နာရမည့် စံချိန်စံညွှန်းနှင့်ကိုက်ညီခြင်းမရှိကြောင်း သိလျက်နှင့်ဖြစ်စေ၊ သိရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ ထုတ်ကုန်တစ်ခုခုကို ကြော်ငြာခြင်း၊ ရောင်းချခြင်း၊ ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိခြင်း၊ ဝန်ဆောင်မှုတစ်ခုခုကို ကြော်ငြာခြင်း၊ ဝန်ဆောင်မှုတစ်ခုခုကို ဆောင်ရွက်ခြင်း။

၂၆။ အရည်အသွေးထောက်ခံချက်ရရှိသူ မည်သူမဆို သက်ဆိုင်ရာစံချိန်စံညွှန်းနှင့်ကိုက်ညီခြင်းမရှိသော ထုတ်ကုန်ပေါ်တွင်ဖြစ်စေ၊ ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ဖြစ်စေ စံချိန်စံညွှန်းဆိုင်ရာအမှတ်တံဆိပ်ကို အသုံးပြုလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၀)

## ရန်ပုံငွေထူထောင်သုံးစွဲခြင်း

၂၇။ ကော်မတီသည် မိမိ၏ရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်ပြီး ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီ သုံးစွဲရမည် -

(က) စံချိန်စံညွှန်းများ၊ သက်ဆိုင်ရာစာရွက်စာတမ်းများနှင့် အခြားစာအုပ်စာတမ်းများကို ရောင်းချရငွေများ၊

(ခ) အဖွဲ့ဝင်ကြေးများ၊

(ဂ) ဝန်ဆောင်မှုအတွက် ရရှိငွေများ၊

(ဃ) နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေများ။

၂၈။ ကော်မတီ၏ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အစိုးရအသိအမှတ်ပြုစာရင်းစစ်များက စစ်ဆေး၍ စာရင်းစစ်အစီရင်ခံစာကို ကောင်စီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဘဏ္ဍာရေးနှစ်အလိုက် တင်သွင်းရမည်။

## အခန်း (၁၁)

## အထွေထွေ

၂၉။ အရည်အသွေးထောက်ခံချက်ရရှိသူ၊ ယင်း၏ကိုယ်စားလှယ်နှင့် လုပ်ငန်းဆက်ခံသူတို့သည် မဖြစ်မနေလိုက်နာရမည့် စံချိန်စံညွှန်းများကို လိုက်နာရမည်။

၃၀။ (က) ဝန်ကြီးဌာနသည် ကောင်စီဝင်များနှင့် ကော်မတီဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ သတ်မှတ်သော ချီးမြှင့်ငွေနှင့်စရိတ်များကိုလည်းကောင်း၊ ကောင်စီနှင့် ကော်မတီတို့၏ ရုံးလုပ်ငန်းများကိုလည်းကောင်း တာဝန်ယူစီစဉ်ဆောင်ရွက်ရမည်။

၃၁။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၃၂။ ဤဥပဒေအရ တရားစွဲဆိုသော ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန် လွယ်ကူခြင်းမရှိပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ခြင်းမပြုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်းကို အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာအခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၃၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ကောင်စီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ကော်မတီနှင့် ဦးစီးဌာနတို့သည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၁/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၄ ရက် )

**တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၉။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၉။ )**

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (၄) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(4) "district" means the local limits of the jurisdiction of a principal Court of original civil jurisdiction (hereinafter called a "District Court"), and includes the local limits of ordinary original civil jurisdiction of a Court of the Self-administered Division or a Court of the Self-administered Zone;"

၃။ တရားမကျင့်ထုံးဥပဒေတွင် -

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ (၄) နောက်တွင် ပုဒ်မ ၂၊ ပုဒ်မခွဲ (၄-က) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(4 A) "civil Court" means a Court of civil jurisdiction;"

(ခ) ပုဒ်မ ၂၊ ပုဒ်မခွဲ (၇) ၌ ပါရှိသော "President of the Union" ဆိုသည့် စကားရပ်ကို "Attorney General of the Union" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မ ၂၉ နှင့် ပုဒ်မ ၅၅၊ ပုဒ်မခွဲ (၁) ၌ ပါရှိသော "President of the Union" ဆိုသည့် စကားရပ်ကို "Chief Justice of the Union" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ တရားမကျင့်ထုံးဥပဒေတွင် -

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ (၁၅) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(15) "Pleader" means any person entitled to appear and plead for another in Court, and includes an advocate of the Supreme Court of the Union;"

(ခ) ပုဒ်မ ၁၀၃၊ ပုဒ်မ ၁၀၉၊ ပုဒ်မခွဲ (က) နှင့် (ခ)၊ ပုဒ်မ ၁၁၁၊ နဝမပိုင်းခေါင်းစဉ်၊ ပုဒ်မ ၁၁၇၊ ပုဒ်မ ၁၁၈ နှင့် ပုဒ်မ ၁၂၀ တို့တွင် ပါရှိသော "the High Court" ဆိုသည့် စကားရပ်ကို "a High Court of the Region or a High Court of the State" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၅။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (၁၇)၊ ပုဒ်မခွဲငယ် (ခ) နှင့် (ဂ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(b) every gazetted officer and the superior officer of Civil Services;

(c) every commissioned or gazetted officer of Defence Services;"

၆။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၃ တွင် ပါရှိသော -

(က) "the High Court" ဆိုသည့် စကားရပ်ကို "a High Court of the Region or a High Court of the State" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) "and every Court of Small Causes" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၇။ တရားမကျင့်ထုံးဥပဒေတွင် -

(က) ပုဒ်မ ၂၃ တွင် ပါရှိသော "the High Court" ဆိုသည့် စကားရပ်ကို "a High Court of the Region or a High Court of the State" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ခ) ပုဒ်မ ၂၃၊ ပုဒ်မခွဲ (၂) ၏နောက်တွင် ပုဒ်မခွဲ (၃) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(3) Where such Courts are different High Courts of the Region or High Courts of the State, the application shall be made to the Supreme Court of the Union."

၈။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၂၄ တွင် ပါရှိသော "the High Court" ဆိုသည့် စကားရပ်ကို "the Supreme Court of the Union" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "the State or Divisional Court" ဆိုသည့် စကားရပ်ကို "the High Court of the Region or the High Court of the State" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "the District Court" ဆိုသည့် စကားရပ်ကို "the Court of the Self-administered Division or the Court of the Self-administered Zone or the District Court" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "Courts of Additional and Assistant Judges" ဆိုသည့် စကားရပ်ကို "Court of Additional and Deputy Judges" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

၉။ တရားမကျင့်ထုံးဥပဒေတွင် -

(က) ပုဒ်မ ၃၅-က၊ ပုဒ်မခွဲ (၂) တွင် ပါရှိသော "100,000 Kyats" ဆိုသည့် စကားရပ်ကို "1,000,000 Kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၃၅-က၊ ပုဒ်မခွဲ (၂) ၏ ခြွင်းချက်တွင် ပါရှိသော "the High Court" ဆိုသည့် စကားရပ်ကို "the Supreme Court of the Union" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

(ခ) ပုဒ်မ ၆၀၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ဇ) နှင့် (ဈ) တို့တွင် ပါရှိသော "ten thousand Kyats" ဆိုသည့် စကားရပ်ကို "30,000 Kyats" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၀။ တရားမကျင့်ထုံးဥပဒေတွင် -

(က) ပုဒ်မ ၈၀၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၈၃၊ ပုဒ်မခွဲ (၂) ရှင်းလင်းချက်တို့တွင် ပါရှိသော "a Secretary to the Government" ဆိုသည့် စကားရပ်နှင့် ပုဒ်မ ၈၆၊ ပုဒ်မခွဲ (၁) တွင် ပါရှိသော "a Director General of the Office of the Government" ဆိုသည့် စကားရပ်တို့ကို "the Secretary to the Union Government" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ခ) ပုဒ်မ ၉၃ ကို ပယ်ဖျက်ရမည်။

(ဂ) ပုဒ်မ ၉၅၊ ပုဒ်မခွဲ (၁) တွင် ပါရှိသော "one hundred thousand Kyats" ဆိုသည့် စကားရပ်ကို "500,000 Kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၀၊ ပုဒ်မခွဲ (၁) တွင် ပါရှိသော "the High Court" ဆိုသည့် စကားရပ်ကို "a High Court" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "the State or Divisional Court" ဆိုသည့် စကားရပ်ကို "any Court Subordinate to the High Court of the Region or the High Court of the State" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၁၀၀၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ဃ) တွင် ပါရှိသော "2,000,000 Kyats" ဆိုသည့် စကားရပ်ကို "1,000,000 Kyats" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အစားထိုးရမည်။

၁၂။ တရားမကျင့်ထုံးဥပဒေတွင် -

(က) ပုဒ်မ ၁၀၂ တွင် ပါရှိသော "2,000,000 Kyats" ဆိုသည့် စကားရပ်ကို "1,000,000 Kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၁၁၄၊ ပုဒ်မခွဲ (ဂ) ကို ပယ်ဖျက်ရမည်။

၁၃။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၆ တွင် ပါရှိသော "the District Court or the State or Divisional Court" ဆိုသည့် စကားရပ်ကို "the Court of the Self-administered Division or the Court of the Self-administered Zone or the District Court, or the High Court of the Region or the High Court of the State" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၀ တွင် ပါရှိသော "ten thousand Kyats" ဆိုသည့် စကားရပ်ကို "10,000,000 Kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၃၊ ပုဒ်မ ၁၁၉၊ ပုဒ်မ ၁၂၂၊ ပုဒ်မ ၁၂၄၊ ပုဒ်မ ၁၂၉ နှင့် ပုဒ်မ ၁၃၃၊ ပုဒ်မခွဲ (၂) တို့တွင် ပါရှိသော "the High Court" ဆိုသည့် စကားရပ်ကို "the Supreme Court of the Union" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၆။ တရားမကျင့်ထုံးဥပဒေတွင် -

(က) ပုဒ်မ ၁၁၅ ၌ ပါရှိသော "the High Court or the State or Divisional Court or the District Court" ဆိုသည့် စကားရပ်ကို "the Supreme Court of the Union, or the High Court of the Region or the High Court of the State, or the Court of the Self-administered Division or the Court of the Self-administered Zone, or the District Court" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၁၁၅ ၏ ပထမခြွင်းချက်နှင့် ဒုတိယခြွင်းချက်တို့ကို ပယ်ဖျက်ရမည်။

၁၇။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၂၃ တွင် -

(က) ပုဒ်မခွဲ (၁) ၌ ပါရှိသော "at Yangon" ဆိုသည့် စကားရပ်ကို "at Nay Pyi Taw" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (က)၊ (ခ) နှင့် (ဂ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(a) three Judges of the Supreme Court of the Union,

(b) two Judges of the High Court of the Region or the High Court of the State, and

(c) two advocates who have practised as advocates for at least 10 years."

(ဂ) ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ဃ) ကို ပယ်ဖျက်ရမည်။

(ဃ) ပုဒ်မခွဲ (၃) ၏ ခြွင်းချက်၌ ပါရှိသော "other Judges" ဆိုသည့် စကားရပ်နောက်တွင် "of the Supreme Court of the Union" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

( င) ပုဒ်မခွဲ (၃)၊ ပုဒ်မခွဲ (၄) နှင့် ပုဒ်မခွဲ (၅) တို့တွင် ပါရှိသော "Chief Justice" ဆိုသည့် စကားရပ်၏ နောက်တွင် "of the Union" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၁၈။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၂၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"126. After issuing the rules made under the fore going provisions, the Supreme Court of the Union shall distribute and submit such rules to the respective representatives of the Pyithu Hluttaw and Amyotha Hluttaw at the nearest regular session to enable to be discussed whether such rules are in conformity with the provisions of relevant Law or not, and to be resolved in accordance with the provisions contained in section 137 and 157 of the Constitution of the Republic of the Union of Myanmar and carry out in accordance with the resolution adopted by the Pyidaungsu Hluttaw."

၁၉။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၃၆ တွင် ပါရှိသော "the District Court" ဆိုသည့် စကားရပ်နှင့် "Yangon City Civil Court" ဆိုသည့် စကားရပ်တို့ကို "the Court of the Self-administered Division or the Court of the Self-administered Zone, or the District Court" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ "as if it were the District Court" ဆိုသည့် စကားရပ်ကို "according to the procedure provided in the fore going provisions of sub-sections (2) and (3)" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးရမည်။

၂၀။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၃၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"137. (1) The Language of the Supreme Court of the Union and any Court subordinate to the Supreme Court of the Union shall be Myanmar language.

(2) The application to and proceeding in such Courts shall be written in Myanmar language."

၂၁။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၃၉၊ ပုဒ်မခွဲ (ခ) တွင် ပါရှိသော "the High Court" ဆိုသည့် စကားရပ်ကို "the Supreme Court of the Union, the High Court of the Region or the High Court of the State" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၆၃/၂၀၁၄)

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်
( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက် )

### လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏သက်တမ်း တိုးချဲ့သတ်မှတ်ခြင်း

၁။ ပြည်ထောင်စုလွှတ်တော်နာယကသည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၊ နည်းဥပဒေခွဲ (ပ) နှင့်အညီ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေး

အတွက် စုံစမ်းရေးကော်မရှင်ကို လွှတ်တော်ရုံး၏ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၅၂/၂၀၁၂) ဖြင့် ဖွဲ့စည်းပေးခဲ့ပါသည်။

၂။ အဆိုပါကော်မရှင်သည် စတင်ဖွဲ့စည်းခဲ့သည့်ရက်မှ ယနေ့ကာလအထိ မြေယာသိမ်းဆည်းခံ ပြည်သူများ နစ်နာမှုမရှိစေရေး စေတနာထားကြိုးစားခဲ့သည့်အတွက် ပြည်သူများနှင့် နိုင်ငံတော်အကြား ထိုက်သင့်သည့် အဆင်ပြေမှု၊ နားလည်မှုများ ရရှိခဲ့ပါသည်။ ထို့အပြင် ဆက်လက်ဆောင်ရွက်ပေးရမည့် အကြောင်းကိစ္စရပ်များ ကျန်ရှိပြီး ပြည်သူအများကလည်း ဆက်လက်ဆောင်ရွက်ပေးစေလိုသော ဆန္ဒ ရှိကြောင်း သိရှိရပါသည်။

၃။ သို့ဖြစ်၍ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိ စေရေးအတွက် စုံစမ်းရေးကော်မရှင်၏သက်တမ်းကို ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်ဖြင့် အမိန့် တစ်စုံတစ်ရာ ထပ်မံထုတ်ပြန်သည်အထိ တိုးချဲ့သတ်မှတ်ကြောင်း ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်အရ ထုတ်ပြန်လိုက်သည်။

(ပုံ) သူရရွှေမန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၂၁/၂၀၁၄**

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက် )

**အမျိုးသားလွှတ်တော်ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြုစနစ် (PR) ကျင့်သုံးရေးဆိုင်ရာအဆို အကောင်အထည်ဖော်ရေးကော်မရှင် အဖွဲ့ဝင်အဖြစ်မှ ပယ်ဖျက်ခြင်း**

အမျိုးသားလွှတ်တော်၏ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၁၄ ဖြင့် ဖွဲ့စည်းခဲ့သော အမျိုးသားလွှတ်တော်ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြုစနစ် (PR) ကျင့်သုံးရေး ဆိုင်ရာအဆို အကောင်အထည်ဖော်ရေးကော်မရှင်၌ အဖွဲ့ဝင်အဖြစ် ပါဝင်သည့် ရှမ်းပြည်နယ်၊ မဲဆန္ဒနယ် အမှတ် (၄) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန့်ဇင်အား ၎င်း၏ဆန္ဒအရ အဖွဲ့ဝင်အဖြစ်မှ ပယ်ဖျက်လိုက်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၂၂/၂၀၁၄**

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၇ ရက် )

**အမျိုးသားလွှတ်တော်ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြုစနစ် (PR) ကျင့်သုံးရေးဆိုင်ရာအဆို အကောင်အထည်ဖော်ရေးကော်မရှင် အဖွဲ့ဝင်အဖြစ်မှ ပယ်ဖျက်ခြင်း**

အမျိုးသားလွှတ်တော်၏ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၁၄ ဖြင့် ဖွဲ့စည်းခဲ့သော အမျိုးသားလွှတ်တော်ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြုစနစ် (PR) ကျင့်သုံးရေးဆိုင်ရာအဆို အကောင်အထည်ဖော်ရေးကော်မရှင်၌ အဖွဲ့ဝင်အဖြစ် ပါဝင်သည့် ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်အား ၎င်း၏ဆန္ဒအရ အဖွဲ့ဝင်အဖြစ်မှ ပယ်ဖျက်လိုက်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၁၄**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၇ ရက် )

**နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း**

အမျိုးသားလွှတ်တော်၏ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၁၃ ဖြင့် ဖွဲ့စည်းခဲ့သော နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁) အား ၎င်း၏ဆန္ဒအရ ကော်မတီဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

# ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့တွင် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကြည်း ၃၁၉၃၃၊ ဗိုလ်မှူးနေအောင်ဦး၏မေးခွန်းနှင့် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၏ဖြေကြားချက်

**တယ်လီဖုန်းသုံးစွဲမှု (Teledensity) အတွက် နောင်အနာဂတ်တွင် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးနေအောင်ဦးက တယ်လီဖုန်းသုံးစွဲမှု (Teledensity) အတွက် နောင်အနာဂတ်တွင် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဗိုလ်မှူးနေအောင်ဦး (တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၃၁၉၃၃ ဗိုလ်မှူး နေအောင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းကတော့ တယ်လီဖုန်းသုံးစွဲမှု (Teledensity) အတွက် နောင်အနာဂတ်မှာ မည်ကဲ့သို့ စီမံဆောင်ရွက် ထားသည်ကို သိရှိလို၍ မေးမြန်းသွားမှာပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ လူဦးရေသန်းခြောက်ဆယ် ကျော်ခန့် ရှိတယ်လို့ သိရှိရပါတယ်။ နိုင်ငံအတွင်းရှိ လူဦးရေအရ ဖုန်းတစ်လုံးလျှင် လူတစ်ဦးကျ ကိုင်တွယ် အသုံးပြုနိုင်မည်ဆိုပါက ပြည်သူများ ဆက်သွယ်မှုကောင်းမွန်လာတာနဲ့အမျှ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကို တည်ဆောက်ရာမှာ အထောက်အကူပြုနိုင်မှာပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အိမ်နီးချင်းနိုင်ငံ တွေဖြစ်တဲ့ တရုတ်နိုင်ငံမှာ ၂၀၁၃ ခုနှစ်၊ ဇွန်လ ထုတ်ပြန်တဲ့ စာရင်းအရ တယ်လီဖုန်းသုံးစွဲမှုမှာ စုစုပေါင်း လူဦးရေ (၈၅. ၂၁) ရာခိုင်နှုန်း၊ လာအိုနိုင်ငံမှာ (၂၈) ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံမှာ (၃၆. ၆) ရာခိုင်နှုန်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ (၄၈. ၂) ရာခိုင်နှုန်းနဲ့ အိန္ဒိယနိုင်ငံမှာ (၇၄. ၀၂) ရာခိုင်နှုန်းဖြစ်ကြောင်း သိရှိရပါတယ်။

ဒါကြောင့် ကျွန်တော်တို့နိုင်ငံအနေနဲ့လည်း လူဦးရေအရ နှစ်အကန့်အသတ်အလိုက် တယ်လီဖုန်း အသုံးပြုမှုအနေနဲ့ မည်သည့်ခုနှစ်တွင် လူဦးရေ မည်မျှအသုံးပြုနိုင်မည်၊ နောင်တိုးတက်လာမည့်လူဦးရေ အတွက် မည်ကဲ့သို့အစီအမံများ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါတယ်။

ဒ့ါအပြင် နိုင်ငံပိုင်သတင်းစာနဲ့ မီဒီယာများမှ စားသုံးဆီလျှော့စားရန်၊ အချိုမှုန့်ရှောင်ကြဉ်ရန် အစရှိသဖြင့် ပညာပေးဆောင်းပါး၊ ဇာတ်လမ်းတိုများဖြင့် ဖော်ပြထားသလို တယ်လီဖုန်းနဲ့ပတ်သက်တဲ့ ဆောင်ရန်၊ ရှောင်ရန်အချက်များကို ပြည်သူများ သိရှိစေရန် ဆောင်ရွက်ထားရှိမှုအစီအစဉ်များကို သိရှိ လိုပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ မြို့ပြနဲ့ကျေးလက်ဒေသများပါမကျန် တယ်လီဖုန်းအသုံးပြုနိုင်ရေး မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို ပြည်သူများအကျိုးငှာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ**။　။ မေးခွန်းနဲ့ပတ်သက်ပြီး ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၃။**

**ဦးသောင်းတင် (ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဝန်ကြီးဌာန)**။　။ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးနေအောင်ဦးရဲ့ တယ်လီဖုန်းသုံးစွဲမှု နောင်အနာဂတ်အခြေအနေလေးကို မေးမြန်းသွားပါတယ်ခင်ဗျား။ အဲဒါက မှန်ပါတယ်ခင်ဗျား။ လက်ရှိ အခြေအနေမှာ ကျွန်တော် တင်ပြရရင် ပြီးခဲ့တဲ့နှစ်ပေါ့။ ခုနက ဗိုလ်မှူးက ၂၀၁၃ ခုနှစ်၊ တခြားနိုင်ငံရဲ့ Teledensity ကိစ္စလေးတွေနဲ့ နှိုင်းယှဉ်ပြီး ပြောသွားပါတယ်။ မှန်ပါတယ်ခင်ဗျား။ ကျွန်တော်တို့က ၂၀၁၃ ခုနှစ် အခြေအနေကပြောရရင် မြန်မာနိုင်ငံက တစ်ကမ္ဘာလုံးအတိုင်းအတာမှာ နှိုင်းယှဉ်ရင် အောက်ကနေ ရေရင် ဒုတိယအဆင့်ဖြစ်နေပါတယ်။ ၂၀၁၃ ခုနှစ်မှာဆိုရင် ကျွန်တော်တို့က (၇) ရာခိုင်နှုန်း၊ (၈) ရာခိုင်နှုန်းပဲ ရှိပါတယ်ခင်ဗျား။ ခုနက ဗိုလ်မှူးတင်ပြသွားသလို သိပ်ဆင်းရဲတဲ့၊ နိမ့်ကျတဲ့။ သေးငယ်တဲ့နိုင်ငံတွေတောင်မှ ကျွန်တော်တို့ (၃၀)၊ (၄၀)၊ (၅၀) ရာခိုင်နှုန်း ဖြစ်နေပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့က Telecom Reform Plan ဆိုပြီးတော့ ကျွန်တော်တို့က ဆောင်ရွက်ပြီးတော့ ဖြေလျှော့ခြင်းပုံစံနဲ့ စတင်ဆောင်ရွက် ပါတယ်။ အဲဒီတော့ ကြားထဲမှာလည်း ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ပေါ့လေ။ ကျွန်တော်တို့ တတ်နိုင်စွမ်း သလောက် အတတ်နိုင်ဆုံး လုပ်နိုင်သလောက် ထပ်မံချဲ့ထွင်သွားတာ ၂၀၁၃၊ ဧပြီကစပြီးတော့ လစဉ် (၃) သိန်းခွဲနဲ့ (၄) သိန်းကြား မိုဘိုင်းဖုန်းတွေ ရောင်းချပါတယ်။ အဲဒါကြောင့် အခု ၂၀၁၄ ဘဏ္ဍာရေးနှစ်ပေါ့။ ဒီမတ်လ (၃၁) အကုန်မှာဆိုလို့ရှိရင် ကျွန်တော်တို့ (၁၄. ၈) ရာခိုင်နှုန်း ရှိလာပါပြီ။

ဒီအချက်အလက်တွေအရဆိုလို့ရှိရင် ကျွန်တော်တို့က တစ်ကမ္ဘာလုံးအတိုင်းအတာမှာ ခုနက အောက်ဆုံးကရေလို့ရှိရင် ပြီးခဲ့တဲ့နှစ်က ဒုတိယပဲရှိပါတယ်။ အခုဆိုရင် ကျွန်တော်တို့က ကျွန်တော်တို့ အောက်မှာ (၄) နိုင်ငံ ရှိသွားပါပြီခင်ဗျာ။ ပြောရမယ်ဆိုရင် မလုံလောက်သေးပါဘူးခင်ဗျား။ ကျွန်တော်တို့ အများကြီးဆက်ဆောင်ရွက်ရဦးမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရည်မှန်းချက်အနေနဲ့ထားတာက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ပေါ့ခင်ဗျာ။ အဲဒီမှာဆိုရင် တယ်လီဖုန်း Density ကို (၅၀) ရာခိုင်နှုန်းအထိ ရည်မှန်း ထားပါတယ်။ တော်တော်လေး များပြားပါတယ်။ အင်မတန်ရည်မှန်းချက်ကြီးကြီးနဲ့ လုပ်ထားတာဖြစ်ပါတယ်။ သာမန်အားဖြင့်တော့ (၅၀) ရာခိုင်နှုန်းအထိ ရောက်ဖို့ပေါ့။ (၁၀) ရာခိုင်နှုန်းအောက်ကနေ (၅၀) ရာခိုင်နှုန်း အထိ ရောက်ဖို့ဆိုရင် အိမ်နီးချင်းနိုင်ငံတွေနဲ့ တခြားနိုင်ငံတွေရဲ့အခြေအနေအရဆိုရင် History ကို ပြန်ကြည့် မယ်ဆိုရင် (၃) နှစ်ကနေ (၅) နှစ်လောက် ဆောင်ရွက်ကြရလေ့ရှိပါတယ်။ ကျွန်တော်တို့ကတော့ အကြမ်းဖျင်းအားဖြင့် တစ်နှစ်လောက်နဲ့ ပြီးအောင်လုပ်ကြရမယ့်သဘောမျိုး ဖြစ်ပါတယ်။ သို့ပေမဲ့ ကျွန်တော်တို့ မြန်မာ့ဆက်သွယ်ရေးအနေနဲ့လည်း တတ်စွမ်းသရွေ့ ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။

အဲဒါအပြင် International Operator နှစ်ဦးပေါ့။ ရွေးချယ်ပြီးဖြစ်ပါတယ်။ သူတို့ လက်ရှိပြင်ဆင် နေပြီ ဖြစ်ပါတယ်။ သူတို့က ဩဂုတ်နဲ့ စက်တင်ဘာလောက်ဆို စတင်ရောင်းချမှာဖြစ်ပါတယ်။ အဲဒါအပြင် ပြည်တွင်းနိုင်ငံသားပိုင် Operator တစ်ဦးကလည်း မကြာခင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ၂၀၁၄-၂၀၁၅ မှာ မူလရည်မှန်းထားတဲ့ Teledensity (၅၀) ရာခိုင်နှုန်းရှိဖို့အတွက် ပြည့်မီနိုင် မယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်ခင်ဗျား။ အခု သူတို့ စတင်ရောင်းချပြီဆိုတာနဲ့ အင်နဲ့အားနဲ့ ဈေးကွက် စီးပွားရေးအတိုင်းပဲ ယှဉ်ပြိုင်ရောင်းချမှာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ပြည့်မီမယ်လို့ မျှော်လင့်ထား ပါတယ်။ ၂၀၁၅-၂၀၁၆ မှာဆိုရင်တော့ တယ်လီဖုန်းသိပ်သည်းဆကို (၇၅) ရာခိုင်နှုန်းနဲ့ (၈၀) ရာခိုင်နှုန်းအထိ ရောက်အောင် ကျွန်တော်တို့ ရည်မှန်းထားပါတယ်ခင်ဗျား။

အဲဒီတော့ နောက် (၂) နှစ်လောက်အတွင်းဆိုလို့ရှိရင်တော့ ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံတွေနဲ့ သိပ်မကွာဘဲနဲ့ ရောက်ရှိလာပါမယ်။ အခုနက တင်ပြသလို ကျွန်တော်တို့ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ဆိုလို့ရှိရင်တော့ အောက်ဆုံးက ရေတွက်မယ့်အစား အပေါ်ဆုံးက ရေတွက်တဲ့ပုံစံမျိုးလေးအထိ ရောက်မယ်လို့ မျှော်လင့်ထားပါတယ်။

နောက် ဗိုလ်မှူး ဆက်လက်တင်ပြသွားတဲ့ တယ်လီဖုန်းနဲ့ပတ်သက်တဲ့ အသိပညာပေးကိစ္စတွေကို မီဒီယာများမှတစ်ဆင့် အသိပေးဖို့ လိုအပ်ကြောင်း အကြံပြုတင်ပြသွားတာ မှန်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ အနေနဲ့ တယ်လီဖုန်းနဲ့ပတ်သက်လို့ရှိရင် တယ်လီဖုန်း အခုသုံးစွဲမှု များလာတာနဲ့အမျှ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ အန္တရာယ်လေးတွေလည်း ရှိလာပါတယ်။ တချို့ မကြာသေးခင်ကပဲ ကျွန်တော်တို့သတင်းစာ ထဲမှာ တွေ့ရသလို လျှပ်စီးလက်တဲ့အချိန်၊ မိုးကြိုးပစ်တဲ့အချိန်မှာ သတိထားသင့်တဲ့ကိစ္စတွေ၊ နောက်တစ်ခုက လက်က ရေစိုနေတဲ့အချိန်မှာ ဖုန်းကို အားသွင်းတဲ့အတွက်ကြောင့် ဓာတ်လိုက်တဲ့ကိစ္စမျိုးလေးတွေ၊ နောက် ဒီအမျိုးသားလွှတ်တော်မှာ တစ်ခါ လာဖြေဖူးတဲ့ Handphone တွေက စနစ်နဲ့မကိုက်ညီတဲ့ Handphone တွေဖြစ်ခဲ့လို့ရှိရင် ကျန်းမာရေးထိခိုက်နိုင်တဲ့ကိစ္စလေးတွေ အများကြီးရှိပါတယ်ခင်ဗျား။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ ခုနက အကြံပြုတင်ပြတာတွေက အင်မတန်ကောင်းပါတယ်ခင်ဗျား။ ကျွန်တော်တို့ ဒါလေးတွေကို မီဒီယာလေးတွေကတစ်ဆင့် ပြည်သူများသိအောင် အသိပညာပေး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အခုလတ်တလောအနေနဲ့တော့ တနင်္ဂနွေနေ့တိုင်းမှာ အချပ်ပိုကဏ္ဍမှာ ကျွန်တော်တို့ ဆက်သွယ်ရေး ကဏ္ဍရဲ့ ဆောင်ရွက်နေတဲ့ကိစ္စလေးတွေ စတင်တင်ပြလျက်ရှိပါတယ်ခင်ဗျာ။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးနေအောင်ဦးရဲ့ တယ်လီဖုန်းသုံးစွဲမှု Teledensity မေးခွန်းနဲ့ ဒုတိယဝန်ကြီးရဲ့ ဖြေကြားချက်က အများပြည်သူ သိရှိသင့်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၂၂ အရ မြန်မာနိုင်ငံပြန်တမ်းမှာ ထည့်သွင်းဖို့အတွက် ဆုံးဖြတ်ပါတယ်။

## ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ၏မေးခွန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၏ဖြေကြားချက်

**နိုင်ငံတော်၏ ဂုဏ်သိက္ခာအဆင့်အတန်းအတွက် ပွင့်လင်းမြင်သာသော ဘတ်ဂျက်အဖြစ် သုံးသပ်အကဲဖြတ် ခံနိုင်စေရန်အတွက် ဆောင်ရွက်ရန် လိုအပ်ချက် In-year Report နှင့် Citizens Budget များကို ပြုစု ထုတ်ပြန်ကာ ပေးပို့သင့်သော အဖွဲ့အစည်းများသို့ ပေးပို့ခြင်း၊ နိုင်ငံတစ်ဝန်း အများပြည်သူသိရှိရေး ဖြန့်ဝေခြင်းများ ဆောင်ရွက်သွားမည့်အစီအစဉ်များကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆) မှ ဦးခင်မောင်ရီက နိုင်ငံတော်၏ ဂုဏ်သိက္ခာအဆင့်အတန်းအတွက် ပွင့်လင်းမြင်သာသောဘတ်ဂျက်အဖြစ် သုံးသပ်အကဲဖြတ်ခံနိုင်စေရန် အတွက် ဆောင်ရွက်ရန် လိုအပ်ချက် In-year Report နှင့် Citizens Budget များကို ပြုစုထုတ်ပြန်ကာ ပေးပို့သင့်သော အဖွဲ့အစည်းများသို့ ပေးပို့ခြင်း၊ နိုင်ငံတစ်ဝန်း အများပြည်သူသိရှိရေး ဖြန့်ဝေခြင်းများ ဆောင်ရွက်သွားမည့် အစီအစဉ်များကို သိရှိလိုခြင်းနဲ့စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးအား အမှူးထား၍ ပြည်ထောင်စုအဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများနဲ့ ကော်မရှင်အဖွဲ့ဝင်များကို ကျွန်တော် ဦးခင်မောင်ရီက လေးစားစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယနေ့ မေးမြန်းခွင့်ရတဲ့ မေးခွန်းကတော့ ပွင့်လင်းမြင်သာသောဘတ်ဂျက် (Open Budget) အဖြစ် သုံးသပ်အကဲဖြတ်ခံနိုင်စေရန်အတွက် လိုအပ်ချက်များကို မည်သို့မည်ပုံ ဆောင်ရွက်သွားမည်ဆိုတဲ့ အစီအစဉ်နဲ့ပတ်သက်တဲ့ သိလိုခြင်းမေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လိုအပ်တဲ့နေရာများကို အင်္ဂလိပ်စကား အသုံးအနှုန်း သုံးစွဲခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဥပဒေပြုမဏ္ဍိုင်နဲ့ အုပ်ချုပ်မှုမဏ္ဍိုင်ကြားမှာ အပြန်အလှန်ထိန်းကျောင်းမှု (Check and Balance) တာဝန်အရ လိုအပ်မယ်လို့ ယုံကြည်တဲ့ အဆိုတွေ တင်တယ်။ လိုအပ်နေတဲ့ကိစ္စလေးတွေနဲ့ ပတ်သက်လို့ မေးခွန်းလေးတွေ မေးတယ် စသည်ဖြင့် လုပ်ကြပါတယ်။ ဒါပေမဲ့ ပြည်ပရောက်သွားတဲ့အခါ သို့မဟုတ် နိုင်ငံခြားအဖွဲ့အစည်းများနဲ့ တွေ့တဲ့အခါမှာကျတော့ ကိုယ့်နိုင်ငံ၊ ကိုယ့်အစိုးရ၏ Image ကို ကျွန်တော်တို့ဘက်က အမြဲတမ်းခုခံကာကွယ်ပြီးတော့ ပြောဆိုနေလျက်ရှိပါတယ်။ တာဝန်ပေးထားလို့၊ တိုက်တွန်းထားလို့မဟုတ်ဘဲနဲ့ ယုံကြည်ချက်၊ ခံယူချက်နဲ့ လုပ်နေကြတာဆိုတဲ့ဟာလေးကို ကျွန်တော် ရှေးဦးစွာ တင်ပြချင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ မေးခွန်းကို သာမန်ကြည့်ရင်တော့ အစိုးရရဲ့ ဘဏ္ဍာရေးဆိုင်ရာ လုပ်ဆောင်ချက်ကို ဝေဖန်တယ်။ မိကျောင်းမင်း ရေခင်းပြတယ်လို့ ထင်ဟန်ရှိပေမယ့် ကျွန်တော်တို့ လက်တွေ့ကြုံတွေ့ခဲ့ရတဲ့ နိုင်ငံတကာနဲ့ဆက်ဆံရတဲ့ ဘဏ္ဍာငွေ ရ/သုံးဆိုင်ရာကိစ္စတွေမှာ ပွင့်လင်းမြင်သာမှု မရှိဘူး၊ Open Budget မဟုတ်ဘူးဆိုတဲ့ Issue ကနေ ပေါ်ပေါက်လာတာ ဖြစ်ပါတယ်။ ကျွန်တော်တို့လို့ဆိုတဲ့ နေရာမှာ ကျွန်တော်နဲ့အတူ ဒီမှာ PAC ဥက္ကဋ္ဌကြီး ဦးသိန်းဝင်းတို့ဟာ အဓိကဖြေရှင်းခဲ့ရတာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နေပြည်တော်မှာ Spectrum လို့ ခေါ်တဲ့ Sustainable Development Knowledge Network လို့ ခေါ်တဲ့ INGO အဖွဲ့အစည်းက လာလုပ်တဲ့ Open Budget ဆိုင်ရာ ကျွန်တော်တို့ Workshop တစ်ခု တက်ခဲ့ပါတယ်။ PAC က ပုဂ္ဂိုလ်တွေ၊ နှစ်ဖက်က လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ကျွန်တော်တို့လည်း တက်ပါတယ်။ အဲဒီမှာ Country Director လုပ်တဲ့သူက ကျွန်တော်တို့နိုင်ငံရဲ့ တစ်ကမ္ဘာလုံးနဲ့ ခြုံငုံပြီးတော့ Budget Processing နဲ့ Open Budget ဆိုင်ရာကိစ္စတွေကို အရင်ရှင်းပါတယ်။ ကျွန်တော့်ကိုလည်း ကြိုတင်မေတ္တာရပ်ခံချက်အရ ကျွန်တော်က PAC နဲ့ ညှိနှိုင်းပြီးတော့ လွှတ်တော်မှာ ဘတ်ဂျက်ခွင့်ပြုပုံကိစ္စတွေကို အဆင့်ဆင့် ကျွန်တော်တို့ဘက်က ပြန်လည်ဆွေးနွေးပေးပါတယ်။ အဲဒီမှာ သူတို့ဘက်က ဘာဆွေးနွေးလာသလဲဆိုတော့ မြန်မာနိုင်ငံရဲ့ ဘတ်ဂျက်ဟာ ပွင့်လင်းမြင်သာမှုမရှိဘူးဆိုတဲ့ အချက်ကို ဆွေးနွေးလာပါတယ်။ ၂၀၁၂ ခုနှစ်မှာ နိုင်ငံ (၁၀၀) ကျော်ကို Survey လုပ်ခဲ့တဲ့အထဲမှာ မြန်မာနိုင်ငံဟာ အခြားနိုင်ငံ (၂၀) တွေထဲမှာတောင် (၂) ခုလို ဖြစ်နေပါတယ်။ နိုင်ငံ (၂၀) နဲ့အတူ ကျွန်တော်တို့က သုညနဲ့ (၂၀) ကြားဆိုတော့ အနိမ့်ဆုံး Category၊ သူက အဆင့် (၅) ဆင့်ထဲမှာ ကျွန်တော်တို့ ရောက်နေတာကို အဲဒီမှာ သွားတွေ့ရပါတယ်။

အဲဒီမှာ သူတို့က ဘာနဲ့တိုင်းတာလဲဆိုတော့ ပွင့်လင်းမြင်သာမှုဘတ်ဂျက်ပြ အညွှန်းကိန်း (Open Budget Index - OBI) နဲ့ တိုင်းတာဖြစ်တဲ့အတွက်ကြောင့် သူတို့က ဒီလိုတိတိကျကျ အမှတ်ပေးစနစ်နဲ့ တိုင်းပြီးပြောခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ တော်တော်လေး ဒါနဲ့ပတ်သက်လို့ ဒီဇယားကြီးထိုးပြတော့ ဝမ်းနည်းပါတယ်။ ဆရာဦးသိန်းဝင်းရော၊ ကျွန်တော်ရော၊ ဒါ ကျွန်တော်တို့ဘက်ကတော့ တာဝန်လည်း ရှိတယ်။ နားလည်း နားလည်နေတဲ့အတွက်ကြောင့် ဒီကိစ္စတွေနဲ့ပတ်သက်ပြီး လိုအပ်တာ ကျွန်တော်တို့က လွှတ်တော်မှာ Open Budget ဖြစ်တယ်။ Full House တို့က ထိုင်တာ၊ ပြည်ထောင်စုလွှတ်တော်မှာ

ထိုင်ပြီးတော့မှ စီမံကိန်းကော်မတီတို့၊ ငွေစာရင်းကော်မတီတို့၊ ဥပဒေကြမ်းကော်မတီတို့က အဆင့်ဆင့် တင်ပြလာပြီး လွှတ်တော်ထဲမှာ အကျေအလည်ဆွေးနွေးပြီးမှ လိုအပ်တာကို ခွင့်ပြုတဲ့အတွက်ကြောင့် တို့ဘတ်ဂျက်က Open ဖြစ်တယ်လို့ ကျွန်တော်တို့က ပြန်လည်ခုခံပါတယ်။ သို့သော် သူတို့က စောစောက ပြောတဲ့ Index နဲ့ တိုင်းတာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ဘက်ကတော့ ငြင်းရတာ ခက်ပါတယ်။ သူတို့ တိုင်းတာပုံကို ပြန်ကြည့်တဲ့အခါမှာ ဘတ်ဂျက်နဲ့ပတ်သက်ရင် အဆင့် (၃) ဆင့် ရှိပါတယ် ဥက္ကဋ္ဌကြီး ခင်ဗျား။ အကြိုပြင်ဆင်ရေးကာလ ဖြစ်ပါတယ်။ အဲဒီမှာ သူတို့ဘက်က Document လို့ ခေါ်တဲ့ အထောက်အထား (၃) မျိုး တောင်းပါတယ်။ (၃) မျိုးက ပထမ (၁) ခုက Pre-Budget Statement လို့ သူတို့ဘက်က သုံးပါတယ်။ ဒါ ကျွန်တော်တို့က အလွယ်တကူပြန်ရှင်းနိုင်ပါတယ်။ အဲဒါ ဘာလဲဆိုတော့ ကျွန်တော်တို့က ဘတ်ဂျက်မတင်ခင် အမျိုးသားစီမံကိန်းဥပဒေ အရင်တင်ပါတယ်။ အမျိုးသားစီမံကိန်းဥပဒေမှာ ကဏ္ဍအလိုက်၊ ဝန်ကြီးဌာနအလိုက်၊ အဖွဲ့အစည်းအလိုက် လာမယ့်ဘဏ္ဍာနှစ်မှာ သုံးစွဲရမယ့်၊ လုပ်မယ့် ရင်းနှီးမြှုပ်နှံမှုတွေအားလုံးကို ပြည့်ပြည့်စုံစုံ ကိန်းဂဏန်းနဲ့တင်တာ ဖြစ်တဲ့အတွက်ကြောင့် တို့မှာ Pre-Budget Statement ရှိတယ်ဆိုတဲ့ ချေပချက်ဟာ အောင်မြင်ပါတယ်။

နောက်တစ်ခုကတော့ Executive's Budget Proposal လို့ ခေါ်တဲ့ဟာကို သူတို့က အဲဒီလို နာမည်တပ်ပါတယ်။ ဒါလည်း ကျွန်တော်တို့မှာ ရှိပါတယ်။ ဒါဘဏ္ဍာရေးဝန်ကြီးဌာနကနေ ပြည်ထောင်စုလွှတ်တော်ကို ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းအဖြစ်နဲ့ တင်တယ်။ အဲဒီအချက်မှာ စောစောက ခွင့်ပြုထားတဲ့ အမျိုးသားစီမံကိန်းနဲ့ လိုက်လျောညီထွေဖြစ်တဲ့ လုပ်ငန်းစီမံချက်တွေအားလုံးကို ရငွေ၊ သုံးငွေနဲ့တကွ အတိအကျတင်ပြတာဖြစ်တဲ့အတွက်ကြောင့် ဒါလည်း တို့မှာ ရှိတယ်ဆိုတဲ့အတွက်ကြောင့် သူတို့ လက်ခံပါတယ်။

နောက်တစ်ခုကတော့ Enacted Budget။ Enacted Budget ကတော့ ကျွန်တော်တို့ဆီမှာတော့ ဘယ်လိုခေါ်သလဲဆိုတော့ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းလို့ ကျွန်တော်တို့ လွှတ်တော်မှာ တင်ပြီးတော့၊ လွှတ်တော်အတည်ပြုရင် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်တာ ဖြစ်တဲ့အတွက်ကြောင့် ဒါလည်း Enacted Budget ဖြစ်တယ်ဆိုတဲ့ဟာ ကျွန်တော်တို့က ဒါ ပြေလည်ပါတယ်။

နောက် ဘတ်ဂျက်အကောင်အထည်ပုံဖော်သုံးစွဲတဲ့ ဒုတိယအဆင့်မှာကျတော့ လိုတဲ့ Document က In-year Report လို့ ခေါ်ပါတယ်။ စောစောတုန်းက ကျွန်တော့်မေးခွန်းထဲမှာလည်း ပါပါတယ်။ In-year က သူတို့နိုင်ငံတွေမှာကျတော့ အီလက်ထရောနစ်သုံးတဲ့အတွက်ကြောင့် လုပ်နိုင်တယ်။ (၃) လ တစ်ကြိမ်၊ (၆) လ တစ်ကြိမ်၊ (၃) လဆိုတော့ Quarterly ပေါ့၊ (၃) လ၊ (၃) လပတ်၊ (၃) လပတ်တို့ တင်သွားတာ ဖြစ်တယ်။ နောက် နှစ်ဝက်လည်း တင်တယ်။ နှစ်ချုပ်လည်း တင်တယ်။ အဲဒါ ကျွန်တော်တို့က ဘာပြန်ရှင်းလဲ ဆိုတော့ ကျွန်တော်တို့ဆီမှာတော့ သက်ဆိုင်ရာဝန်ကြီးဌာနက ဒါကို မကြေညာဘူး။ တို့ဖွဲ့စည်းပုံအရ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရှိတယ်။ စာရင်းစစ်ချုပ်ရုံးကပဲ စစ်ဆေးပြီး ထုတ်ပြန်ပေးတယ်။ (၆) လပတ် နှစ်ဝက်ကို နိုင်ငံတော်အစိုးရကိုလည်း တင်တယ်။ အခု လွှတ်တော်ပေါ်လာပြီးနောက် တို့လွှတ်တော်ကို တင်တယ်ဆိုတဲ့အခါကျတော့ ဒါမဟုတ်ဘူး။ အဓိက သူတို့ကတော့ အခွန်ထမ်းပြည်သူ သိဖို့ အဓိကဖြစ်တဲ့ အတွက်ကြောင့် ပြည်သူကို ဘာချပြနိုင်သလဲဆိုတဲ့အချက်ကို သူတို့ ဒီလိုပဲ ဒါ အမှတ်ပေးတာ ဖြစ်ပါတယ်။ ဒီတစ်ခုတော့ လုပ်ရင်ရမယ်။ လုပ်ဖို့တော့ လိုတယ်လို့ ကျွန်တော်တို့က သုံးသပ်မိပါတယ်။

နောက်ဆုံးကတော့ စာရင်းအင်းများ စစ်ဆေးတဲ့ကာလ Audit Report။ ဒါကတော့ ရှိပါတယ်။ ကျွန်တော်တို့မှာလည်း စာရင်းစစ်ချုပ်ရုံး၊ အမြင့်ဆုံးအာဏာပိုင်ဖြစ်တဲ့ စာရင်းစစ်ချုပ်ရုံးက စစ်ဆေးပါတယ်။ စစ်ဆေးပြီးတော့ လိုအပ်ချက်တွေအားလုံးကို ကျွန်တော်တို့ ကန့်ကွက်တယ်။ ကန့်ကွက်ချက်အရ ပြန်သွင်းရတာတွေ ရှိတယ်။ အဲဒါ ပြည်ထောင်စုအစိုးရကို တင်တယ်။ လွှတ်တော်ကို တင်တယ်။ အဓိကကတော့ စောစောကပြောသလိုပါပဲ။ အခွန်ထမ်းပြည်သူ သိအောင် ဘယ်လိုလုပ်ပေးသလဲ အခါကျတော့ ကျွန်တော်တို့

ဘက်က Printed Media နဲ့ Electronic Media ပေါ့၊ သတင်းစာတို့၊ သတင်းကြေညာချက်တို့၊ ဝက်ဘ်ဆိုက်တွေမှာ တင်ဖို့တော့ လိုမယ်လို့ ကျွန်တော်တို့ ဒီလိုလေး သွားသုံးသပ်ပါတယ်။

နောက်ဆုံးတစ်ချက်က အဆင့် (၃) ဆင့်လုံးမှာရှိတဲ့ဟာတွေ အားလုံးရှိနေပေမယ့် တစ်ချက် လိုနေတာဘာလဲဆိုတော့ သူတို့ရဲ့ အသုံးအနှုန်း၊ အခေါ်အဝေါ်တွေအရ Citizens Budget လို့ ခေါ်တဲ့ တစ်နည်းအားဖြင့် Citizens Guide on Budget လို့ ခေါ်တဲ့ ပြည်သူကို အသိပေးသော၊ ရိုးရှင်းလွယ်ကူသော ဘတ်ဂျက်တင်ပြပုံ ပုံစံဖြစ်ပါတယ်။ Survey အရ သူတို့လုပ်ထားတဲ့ နိုင်ငံတွေရဲ့ Sample တွေ ကျွန်တော်တို့ကို ချပြပါတယ်။ ချပြပြီး ကျွန်တော်တို့ ဆွေးနွေးသူတွေ အုပ်စုခွဲပြီးတော့ အမှတ်ပေးခိုင်းပါတယ်။ ကျွန်တော်တို့ စိစစ်အမှတ်ပေး သုံးသပ်တာနဲ့ သူတို့ ကမ္ဘာက လုပ်ထားတဲ့ Open Budget Survey နဲ့ တော်တော်ကြီး သွားတူတာ တွေ့ရပါတယ်။ အဲဒီအထဲမှာ ထိပ်ဆုံးစာရင်းဝင်နေတဲ့ South Africa တို့၊ Indonesia တို့၊ Uganda တို့၊ India တို့ဟာ အကောင်းဆုံးဝင်နေတာကို တွေ့ရပါတယ်။

ဒါနဲ့ပတ်သက်လို့ ကျွန်တော် Power Point လေး ထိုးပြီးတော့ ရှင်းပြခွင့် ပန်ကြားပါတယ်။ ဒါ ကျွန်တော်တို့ First Slide ဖြစ်ပါတယ်ခင်ဗျား။ ဒါက ကျွန်တော်တို့ South Africa ရဲ့ ဟိုဟာ ဖြစ်ပါတယ်။ South Africa က ပြပုံ၊ ပြနည်းကတော့ အလယ်မှာ Consolidated Government Budget ဆိုပြီးတော့ သူတို့နိုင်ငံတော်အစိုးရရဲ့ ဗဟိုရန်ပုံငွေမှာ ဒီနှစ်အတွက် (၉၀၇) ဘီလီယံ Rand ပေါ့။ ဒါ သုံးမယ်ဆိုတာပါတယ်။ နောက် Gross က (8.6) ရှိတယ်ဆိုတာ ဒါ ပြယုဂ်ပါ။ ချက်ချင်း မြင်သာပါတယ်။ ဒါတစ်ချက်။ ပြီးတော့မှ သူတို့က ကဏ္ဍကြီး (၄) ခု ထပ်ခွဲသွားပါတယ်။ အဲဒီကနေ ဘယ်ကိုဆင်းသွားသလဲဆိုတဲ့အခါကျတော့ သူတို့က ထပ်သုံးပေးရမယ့် Social Services, Public Order and Safety General Services, Economic Affair ဆိုပြီးတော့ ကဏ္ဍကြီး (၄) ရပ်ကို ထပ်ခွဲတယ်။ ဟိုမှာ ဘောလုံးအကြီး (၄) လုံး။ အဲဒီကမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနတွေကို ထပ်ခွဲပြီးတော့ အဝိုင်းလေး၊ အဝိုင်းလေးတစ်ခုချင်း၊ တစ်ခုချင်းဟာ ဌာနတစ်ခုဖြစ်ပြီးတော့၊ အဲဒီမှာ သုံးရမယ့် ခွင့်ပြုငွေကို ကိန်းဂဏန်းပမာဏရော၊ ရာခိုင်နှုန်းပါ တစ်ခါတည်း ပြထားပါတယ်။ ဒီကားချပ်တစ်ချပ်ကို ကြည့်လိုက်တာနဲ့ သူက ဘတ်ဂျက်ခွဲဝေပုံကို ပြည်သူက သာမန်အားဖြင့် နားလည်သွားပါတယ်။

နောက် Slide ကတော့ အထူးပြုဖော်ပြချက် ဖြစ်ပါတယ်။ အဲဒီ အထူးပြုဖော်ပြချက်မှာ ဘာပါလဲဆိုတော့ ဒီ Pile Graph တွေနဲ့ ပြထားပြီးတော့ ရနိုင်တဲ့ Revenues တွေ၊ သုံးမယ့်ဟာတွေ အကုန်ပါပါတယ်။ ဘယ်အထိအောင် ပါသလဲဆိုရင် ဒီဘက်အခြမ်းမှာ ကျွန်တော်တို့တွေ့ရတာက ဓာတ်ဆီဈေးနှုန်းကို (၂၅. ၅) Cent တိုးမယ်။ ဆေးလိပ်တစ်ဘူးဟာတော့ဖြင့် (1.24) Rand လောက် ပိုကျသွားမယ်။ ဝိုင်က ဘယ်လောက်၊ ဘီယာက ဘယ်လောက်၊ အဲဒီအထိအောင် ပါပါတယ်။ ပြည်သူစိတ်ဝင်စားမယ့် အချက်ကလေးတွေဖြစ်ပါတယ်။ ရမယ့် Tax Revenue ကိုလည်း ဟိုဘက် Pile Graph နဲ့ ပြထားတာလေး သွားတွေ့ပါတယ်။ ဒါက South Africa ပါ။

နောက်တစ်ခုကတော့ အင်ဒိုနီးရှားဖြစ်ပါတယ်။ အင်ဒိုနီးရှားကတော့ တစ်မျက်နှာပဲ သုံးထားပါတယ်။ သူက တင်ပြပုံလေးကောင်းတာနဲ့ ပြည့်စုံတာကို ကျွန်တော်တို့ အမှတ်ပေးခြင်းဖြစ်ပါတယ်။ သုံးထားတဲ့ ဘာသာစကားကတော့ သူတို့ ရုံးသုံးဖြစ်တဲ့ Barhasa Malay ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့က ဖတ်လို့ရမှာတော့ မဟုတ်ပါဘူး။ တင်ပြမှုကို အမှတ်ပေးထားတာ ဖြစ်ပါတယ်။

နောက်တစ်ခုက Uganda နိုင်ငံရဲ့ဘတ်ဂျက် ဖြစ်ပါတယ်။ ဒါ Citizens Guide ဖြစ်ပါတယ်။ သူက Page - 1 က တော်တော်လေး ပြည့်ပြည့်စုံစုံ၊ စောစောတုန်းက အာဖရိကတို့၊ ဘာတို့ တင်တဲ့ ပုံစံမျိုးလေးနဲ့ တင်ပြထားတာ ရှိပါတယ်။ Investments တွေပါပါတယ်။ နောက်ပြီးတော့ Gross တွေ ပါပါတယ်။

ဒါကတော့ ပြည်သူတွေ စိတ်ဝင်စားတဲ့ စိုက်ပျိုးရေးကိစ္စပါ။ တတိယစာမျက်နှာလည်း အရေးကြီးပါတယ်။ ဒါက သူတို့က ဘယ်လောက်သုံးစွဲမယ်ဆိုတာလေး၊ အသုံးနဲ့ပတ်သက်လို့ Revenue ကို သုံးမယ့်

စနစ်နဲ့ပတ်သက်လို့ ပြထားတဲ့ Graph ဖြစ်ပါတယ်။ နောက် စာမျက်နှာ (၅)၊ အဲဒါကျတော့ စောစောတုန်းက ကျွန်တော်တို့ South Africa နဲ့ တင်ပြပုံချင်း တူပါတယ်။ ဒီ Flow Chart ကလေးတွေနဲ့ သွားတာဖြစ်တဲ့ အတွက်ကြောင့် တင်ပြပုံကောင်းပါတယ်။ နောက်တစ်ခုကတော့ Abbreviation တွေ ဖြစ်ပါတယ်။ သုံးထားတဲ့ ဝေါဟာရအသုံးအနှုန်းတွေကို ပြန်ရှင်းတာဖြစ်ပါတယ်။

ဒါကတော့ ကျွန်တော်တို့ အိန္ဒိယဖြစ်ပါတယ်။ အိန္ဒိယကတော့ နည်းနည်းများတယ်။ သူက (၁၄) မျက်နှာတောင် ရှိတယ်။ ကျွန်တော်က ဒါ နမူနာအနေနဲ့ တင်ပြခြင်းဖြစ်ပါတယ်။ စာသင်သား၊ သင်တန်းသား၊ ကျောင်းသား လေ့လာလို့ အင်မတန်ကောင်းတဲ့ ပုံစံဖြစ်တဲ့အတွက်ကြောင့် ဒါ အမှတ်မြင့်မြင့် အထဲမှာ ပါတဲ့သဘောတော့ ရှိပါတယ်။ လုပ်ဖို့တော့ နည်းနည်းလေးများတယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

အဲဒီအပြင် ကျွန်တော် ဒီမှာ အဲဒါ ကျွန်တော်တို့ သိပ်စာမျက်နှာများလွန်းလို့ ကျွန်တော်တို့ စာအုပ်ပုံစံ ချုပ်ထားတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်က အဖုံးလောက်ပဲ ကျွန်တော် ထိုးပြတာဖြစ်ပါတယ်။ ဒါ နယူးဇီလန်ရဲ့ဘတ်ဂျက် ဖြစ်ပါတယ်။ ဒါ Citizens Budget ကိုပဲ Ministries Executive Summary ဆိုပြီးတော့ ထုတ်ပြန်ပေးတာဖြစ်ပါတယ်။ ဒါ နယူးဇီလန် ဖြစ်ပါတယ်။ နောက်တစ်ခုက ဒါ ချီလီနိုင်ငံ ဖြစ်ပါတယ်။ သူလည်း အဲဒီအတိုင်းပါပဲ။ ဒါ စာအုပ်ကြီးဖြစ်နေလို့ ဒီအထဲမှာ Slide မထည့်တော့ပါဘူး။ ဒါ ရဝမ်ဒါ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒါတွေကို ပြန်ကြည့်လိုက်လို့ရှိရင် ဘာသွားတွေ့သလဲဆိုတော့ သူတို့တွေဟာ၊ သူတို့နိုင်ငံရဲ့ အခြေအနေအရ လုပ်နိုင်တာတွေကို လုပ်ထားတယ်ဆိုတာလေး သွားတွေ့ ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ဒါလေးတော့ လုပ်ဖို့လိုမယ်လို့ ကျွန်တော်တို့ဘက်က သုံးသပ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော် သွားတက်ခဲ့တဲ့ ကိစ္စလေးတစ်ခုပါ။ Panama မှာ ကျွန်တော့် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ဟိုဘက်က ဖိတ်ကြားတဲ့ ဒီ Confrences of the State Party to the United Nations Convention Against Corruption - UNCAC ရဲ့ ပဉ္စမမြောက်ညီလာခံကို ကျွန်တော် သွားတက်ခွင့်ရပါတယ်။ State Party ဆိုတဲ့ အစိုးရဘက်ကတော့ ဒုတိယရှေ့နေချုပ်၊ အဲဒီအချိန်တုန်းက ကော်မရှင် မရှိသေးတဲ့အတွက်ကြောင့် Anti - Corruption Commission မပေါ်သေးတဲ့အတွက်ကြောင့် ရှေ့နေချုပ်၊ ဒုတိယရှေ့နေချုပ် တက်ပါတယ်။ နောက် ASI က တက်ပါတယ်။ ကျွန်တော်တို့ကတော့ ဒီဘက်က ကျွန်တော်နဲ့၊ ဟိုဘက် လွှတ်တော်က ဦးနိုင်ငံလင်းတို့ တက်ခွင့်ရပါတယ်။ တက်တဲ့အခါမှာလည်း အဲဒါ ကျွန်တော်တို့ရဲ့ Time Table ဖြစ်ပါတယ်။ နောက် ဒီဘက်မှာမြင်ရတဲ့ Section တစ်ခုမှာ ဘာပါသလဲ ဆိုတော့ ကျွန်တော်တို့က Open Contracting ဆိုတဲ့ဟာကို သွားပြီးတော့ ခေါင်းစဉ်မှာ သွားထိုင်လိုက် ရတယ်။ ထိုင်လိုက်တဲ့အခါမှာ အဲဒီမှာ ဘာသွားသလဲဆိုတော့ Special Event Round Table Discussion ဆိုပြီးတော့ လုပ်ပါတယ်။ လုပ်တဲ့အခါကျတော့ ပါလာတာက Britist Banker Association ဆိုပြီး ဗြိတိန် နိုင်ငံ၊ ဘဏ်များအသင်းက အတွင်းရေးမှူး Ph.D အမျိုးသမီးပါခင်ဗျား။ သူက တော်တော်ပြောတာ၊ ကျွန်တော်တို့ရဲ့ဘတ်ဂျက်။ တော်တော်ကြီးပြောတာ။ ကျွန်တော်တို့ရဲ့ဘတ်ဂျက်က Transparency မရှိဘူး။ Corruption တော်တော်များတယ်။ Contracting ကလည်း Open မဖြစ်ဘူး။ ဘာလုပ်လုပ် တရုတ်ချည်းပဲ ထိုးပေးနေတယ် ပြောတော့၊ ကျွန်တော် Micr တောင်းလိုက်ပါတယ်။ တောင်းပြီးတော့ ကျွန်တော် လွှတ်တော် ကိုယ်စားလှယ်တစ်ဦး တော်တော်တောင် အံ့ဩသွားတယ်။ ဒီလိုနေရာမှာ ကျွန်တော်တို့နိုင်ငံက တက်လေ့ မရှိသေးဘူး ဟိုတုန်းက။ ကျွန်တော်ကိုယ်တိုင်လာတာ ဖြစ်တဲ့အတွက်ကြောင့် သိချင်ရင် ကျွန်တော့်မေး။ ခင်ဗျား Corruption ရှိတယ်ဆိုတဲ့ဟာတစ်ခု ကျွန်တော်တို့ကို ထောက်ပြ။ လွှတ်တော်ကို ပြန်တင်ပြပြီး စုံစမ်းလို့ရတယ်။ ကျွန်မ General သုံးသပ်တာပါ။ General တော့ မသုံးသပ်နဲ့ ကျွန်တော်တို့ နစ်နာပါတယ်။

နောက်တစ်ခု တရုတ်ရတယ်ဆိုတဲ့ကိစ္စ။ ခင်ဗျားတို့ ပိတ်ဆို့ထားတဲ့ကာလမှာ ကျွန်တော်တို့က ပေါင်းလို့ရတဲ့နိုင်ငံနဲ့ ပေါင်းတယ်။ လုပ်လို့ရတဲ့နိုင်ငံနဲ့ လုပ်တယ်ဆိုတာ ရှင်းပြတဲ့အခါကျတော့ Break လုပ်တဲ့ အချိန်မှာ လာတောင်းပန်ပါတယ်။ သူ့ရဲ့ Visiting Card လေးလည်း ပေးတယ်။ သူနဲ့ပါလာတဲ့

တစ်ယောက်က World Bank က အမျိုးသမီး၊ သူလည်း Ph.D ပါပဲ။ သူက လာအားပေးသွားတယ်။ ဒီလို လွှတ်တော်တွေ ပေါ်လာရင် သူတို့ အားပေးပါတယ်ဆိုပြီး လာအားပေးသွားတာ ရှိပါတယ်။ နောက်ဆုံး တစ်ခုကတော့ ကျွန်တော်တို့ ဟိုဘက်က အစ်မကြီးဒေါ်စု ဖိတ်တဲ့အတွက်ကြောင့် US Senator Mr. Richard Son ရဲ့ ဖောင်ဒေးရှင်းက လာပြီး ကျွန်တော်တို့လွှတ်တော်ရဲ့ Budgeting တွေနဲ့ပတ်သက်လို့ Workshop လုပ်ပါတယ်။ PAC နဲ့ ကျွန်တော်တို့ လွှတ်တော် တော်တော်များများ၊ နှစ်ဖက်က ကိုယ်စားလှယ် တွေ တက်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ဘတ်ဂျက်တွေနဲ့ပတ်သက်ရင် Open Budget ပဲ ဝေဖန်တာပဲ။ ကျွန်တော်ကတော့ သိချင်လို့ မေးတာပါဆိုပြီး မေးလိုက်တယ်။ ခင်ဗျားတို့နိုင်ငံမှာ Defend Budget ဘယ်လို လုပ်လဲလို့၊ တို့ကတော့ Full House ပဲ လုပ်ပါတယ်။ သူတို့ သိပ်မဖြေချင်ဘူး။ နောက်တော့ ဖြေပါတယ်။ Defend Budget ကတော့ Closed Door ပဲ လုပ်ပါတယ်။ Select Committee နဲ့ပဲ လုပ်ပါတယ်။ CIA ဘတ်ဂျက်ရောဆိုပြီး မေးတဲ့အခါကျတော့ Closed Door ပါပဲတဲ့။ အဲဒါကတော့ One Line Budget ပဲ ထွက်ပါတယ်။ ဆိုတော့ သူတို့လည်း ပွင့်လင်းမြင်သာမှုမရှိတာတွေ သွားတွေ့ပါတယ်။ ကျွန်တော် ပြောချင်တဲ့ အချက်ကလေးက ဘာလဲဆိုတဲ့အခါကျတော့ ကျွန်တော် ဒီမေးခွန်း ပေါ်ပေါက်တာက နိုင်ငံတကာက ကိုယ့်အပေါ်မှာ မြင်တဲ့အမြင်က ပွင့်လင်းမြင်သာမှုရှိအောင် လုပ်နေတယ်။ အစိုးရဘက်က တိုးတက်အောင် လုပ်နေတယ်။ Reforms တွေအားလုံးလည်း အသိအမှတ်ပြုတယ်။ ဘာမဟုတ်တဲ့ ဒီဘတ်ဂျက်ကလေးမှာ လိုအပ်နေတဲ့ Document တစ်ခု၊ နှစ်ခုလေးရှိနေတဲ့အတွက်ကြောင့် ဒီလိုအပ်ချက်အရ In-year Report လို့ ခေါ်တဲ့ (၃) လပတ် မလုပ်နိုင်ရင်လည်း (၆) လပတ်၊ နှစ်ဝက်နဲ့ နှစ်ချုပ်ကို အစိုးရပိုင်း သိရုံတင်မကဘူး။ ပြည်သူပေါ့၊ အခွန်ထမ်းပြည်သူရော၊ Tax Buyer ကို သိအောင်လုပ်တဲ့ နည်းလေးတစ်နည်း။ ဒါ လိုတယ်လို့ တွေ့တယ်။ နောက် အခုတင်ပြသွားတဲ့ Citizens Budget တွေ လိုတယ်ဆိုတာလေး တွေ့ပါတယ် ဥက္ကဋ္ဌကြီး ခင်ဗျား။

ဒါကြောင့် ဒါနဲ့ပတ်သက်လို့ နိုင်ငံတော်အနေနဲ့ ဘဏ္ဍာရေးဌာနအနေနဲ့ ဘယ်လိုအစီအစဉ်များ ရှိတယ်ဆိုတာ သိလိုတဲ့အတွက်ကြောင့် နိုင်ငံ့အကျိုးအတွက် မျှော်ကိုးပြီး ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ် ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၀။**

**ဒေါက်တာလင်းအောင် (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး ဒေါက်တာလင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၆) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီရဲ့မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဘဏ္ဍာရေး ဝန်ကြီးဌာနကိုယ်စား ရှင်းလင်းဖြေကြားပါမယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာမှာ ဘတ်ဂျက်အတွက် ဝင်ငွေရရှိမှုဟာ နိုင်ငံသားများထံမှ အခွန်အခများ ကောက်ခံရရှိခြင်း၊ သဘာဝသယံဇာတပစ္စည်းများ တူးဖော် ထုတ်လုပ်ခြင်းနဲ့ ချေးငွေများ ရရှိခြင်းတို့ပဲ ဖြစ်ပါတယ်။ နိုင်ငံသားများအနေနဲ့လည်း ၎င်းတို့ရဲ့ ဒီအခွန်အခ တွေကို ဘယ်လိုခွဲဝေသုံးစွဲတယ်၊ ချေးယူငွေများအတွက် ဘယ်လိုပြန်လည်ပေးဆပ်တယ်ဆိုတာကို သိရှိ

စေရေးအတွက်လည်း အသိပေးတင်ပြဖို့ရာမှာ အစိုးရတိုင်းရဲ့တာဝန်ပဲ ဖြစ်ပါတယ်။ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတာ မှန်ပါတယ်။ ကျွန်တော်တို့ ဘတ်ဂျက်အနေနဲ့လည်း ယခုထက်ပိုမိုပြီးတော့ ပွင့်လင်းမြင်သာမှုရှိရေးအတွက် ဆောင်ရွက်ဖို့ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဘဏ္ဍာရေးဝန်ကြီးဌာန အနေနဲ့လည်း ဆောင်ရွက်မှုတွေကို ကျွန်တော့်အနေနဲ့ ဒီမှာ ရှင်းလင်းတင်ပြသွားပါမယ်။

ခုန လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့ Citizens Budget ဆိုတာဟာ အစိုးရအနေနဲ့ ဝင်ငွေ ဘယ်လောက်ရရှိတယ်၊ ဘယ်လိုခွဲဝေသုံးစွဲတယ်ဆိုတာကို ဘာသာရပ်ဆိုင်ရာအသုံးအနှုန်းများ မပါရှိစေဘဲနဲ့ နိုင်ငံသားများအနေနဲ့ပေါ့ ရိုးရှင်းလွယ်ကူစွာ သိရှိနားလည်စေဖို့ ဘတ်ဂျက်ဆိုင်ရာအခြေခံသတင်းအချက်အလက်တွေကို ထုတ်ပြန်ပေးခြင်းပဲ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြခဲ့တဲ့အတိုင်းပါပဲ Citizens Budget ဖြစ်ဖို့ အဓိကလိုအပ်ချက်တွေကတော့ ခုန တင်ပြခဲ့တဲ့အတိုင်း Pre-Budget Statement၊ Executive's Budget Proposal၊ The Enacted Budget နှစ်အတွင်း အစီရင်ခံစာ၊ နှစ်လယ်အစီရင်ခံစာ၊ နှစ်ကုန်အစီရင်ခံစာတွေ ထုတ်ပြန်ခြင်းနဲ့ စာရင်းစစ်အစီရင်ခံစာတွေကို ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ခြင်းတို့ပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမျိုးသားစီမံကိန်းဥပဒေကြမ်းနဲ့ ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေရသုံးဆိုင်ရာဥပဒေကြမ်းတို့ကို ပြည်ထောင်စု လွှတ်တော်ကို နှစ်စဉ် ကျွန်တော်တို့ တင်သွင်းလျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရဟာ နိုင်ငံတော်ရဲ့ဘတ်ဂျက် ပုံစံကို ယခင်က နိုင်ငံတော်ဘတ်ဂျက်တစ်ခုတည်းရှိရာမှနေပြီးတော့ ပြည်ထောင်စုဘတ်ဂျက်နဲ့ တိုင်းဒေသကြီး/ ပြည်နယ်များရဲ့ ဘတ်ဂျက်များအဖြစ် ကျွန်တော်တို့ ခွဲခြားရေးဆွဲခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော်နဲ့ ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်များမှာလည်း ဘတ်ဂျက်ကိစ္စကို ပွင့်လင်းမြင်သာစွာ ဆွေးနွေးနိုင်ကြပြီ ဖြစ်ပါတယ်။ ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေကို ၂၀၁၂ ခုနှစ်က စတင်ပြီးတော့ ဆောင်ရွက်လျက်ရှိရာမှာ ဘတ်ဂျက်ပွင့်လင်းမြင်သာမှုရှိစေရေး ဘတ်ဂျက်ကို ပြင်ဆင်ရေးဆွဲတဲ့အဆင့်၊ အဆင့်ဆင့်စိစစ်တဲ့အဆင့်၊ ဘတ်ဂျက်အကောင်အထည်ဖော်နိုင်မှုကို အစီရင်ခံတဲ့အဆင့်များမှာ နိုင်ငံတကာစံနှုန်းများနဲ့ ညီညွတ်စေရေးတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒီပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုနယ်ပယ်ဟာ ကျယ်ပြန့်နက်နဲရှုပ်ထွေးတဲ့ နယ်ပယ်တစ်ခုဖြစ်တဲ့အတွက် ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မယ့် အချိန်ကာလဟာ ရှည်ကြာနိုင်မှာဖြစ်တဲ့အတွက် ဦးစားပေးပြုပြင်ပြောင်းလဲသင့်တဲ့ နယ်ပယ်တွေ စီစဉ်ခြင်းနဲ့ စနစ်တကျစီစဉ်ခြင်းများ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်အပေါ် လေ့လာသုံးသပ်ချက်အစီရင်ခံစာတွေအရ အားသာချက်နဲ့ အားနည်းချက်တွေ လုပ်ငန်းဆောင်ရွက်မှုအရ ကြုံတွေ့ရတဲ့ အခက်အခဲများပေါ် အခြေပြုပြီးတော့ မိမိတို့ဘဏ္ဍာရေးဝန်ကြီးဌာနဟာ ပြည်တွင်းမှ သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ အပါအဝင် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းလက်တွဲပြီးတော့မှ စီးပွားရေးနဲ့ လူမှုရေးပြုပြင်ပြောင်းလဲရေး မူဘောင်ရဲ့ ရည်မှန်းချက်များနဲ့အညီ လိုက်လျောညီထွေဖြစ်တဲ့ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုပြုပြင်ပြောင်းလဲရေးဆိုင်ရာ မဟာဗျူဟာတစ်ရပ်ကို ရေးဆွဲခဲ့ပြီးလည်း ဖြစ်ပါတယ်။

အခုအခါမှာ ဒီမဟာဗျူဟာကို မြန်မာနိုင်ငံရဲ့ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံချက်အဖြစ် ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော်လျက် ရှိပါတယ်။ စီမံချက်ရဲ့ ဖွံ့ဖြိုးရေးဆိုင်ရာရည်မှန်းချက်က မြန်မာနိုင်ငံရဲ့ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်နဲ့ သက်ဆိုင်ရာ အဖွဲ့အစည်းများ ခိုင်မာအားကောင်းစေရန်၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု မူဝါဒဖော်ဆောင်မှုနဲ့ ထိရောက်ကောင်းမွန်ပြီး တာဝန်ခံမှုရှိတဲ့ ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်စေရန် ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ကို ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ စီမံကိန်း စိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ လွှတ်တော်ပြည်သူ့ငွေစာရင်း

ကော်မတီနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်မှာ မကြာမီတည်ထောင်မယ့် ငွေတိုက်ဦးစီးဌာနတို့ဟာ ဦးဆောင်အကောင်အထည်ဖော်မှာ ဖြစ်ပါတယ်။ ဒီစီမံချက်ကို ဖော်ပြပါ အပိုင်း (၅) ပိုင်းနဲ့ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အပိုင်း (၁) အနေနဲ့ကတော့ အခွန်ရငွေစုစည်းမှု ဖွံ့ဖြိုးတိုးတက်ရေး ဖြစ်ပါတယ်။ အပိုင်း (၂) အနေနဲ့ကတော့ စီမံကိန်းရေးဆွဲခြင်းနဲ့ ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်ရေး ဖြစ်ပါတယ်။ အပိုင်း (၃) အနေနဲ့ကတော့ ဘတ်ဂျက်အကောင်အထည်ဖော်မှုနဲ့ ဘဏ္ဍာရေးအစီရင်ခံမှု ဖွံ့ဖြိုးတိုးတက်ရေးပဲ ဖြစ်ပါတယ်။ ဒါ ခုနတင်ပြတဲ့ ပွင့်လင်းမြင်သာတဲ့ ဘတ်ဂျက်ဖြစ်ရေးအပိုင်းက ဒီအပိုင်းမှာ ပါဝင်ပါတယ်။ အပိုင်း (၄) အနေနဲ့ကတော့ ပြင်ပကြီးကြပ်မှု ဖွံ့ဖြိုးတိုးတက်ရေး ဖြစ်ပါတယ်။ ဒါစာရင်းစစ်အပိုင်း ဖြစ်ပါတယ်။ အပိုင်း (၅) ကတော့ စွမ်းဆောင်ရည်မြှင့်တင်ရေး ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ဘတ်ဂျက်ဟာ ပြည်သူ့ဘဏ္ဍာငွေ ရရှိမှု၊ သုံးစွဲမှုတို့ကို ဖော်ပြတဲ့ စာရင်းများဖြစ်တဲ့အတွက် ရငွေများ အပြည့်အဝရရှိရေးနဲ့ အသုံးစရိတ်များကို ထိရောက်မှန်ကန်စွာ သုံးစွဲနိုင်ရေးက အထူးအရေးကြီးတဲ့အတွက် ကမ္ဘာ့နိုင်ငံအသီးသီးဟာ ဘတ်ဂျက်နဲ့ ပတ်သက်ပြီးတော့ မိမိတို့ရဲ့ ဘဏ္ဍာရေးမူဝါဒတို့ကို အခြေခံပြီး စနစ်တကျရှိဖို့နဲ့ ပွင့်လင်းမြင်သာမှုရှိဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာ အချို့နိုင်ငံများဟာ မိမိတို့ အတည်ပြုပြီးတဲ့ ဘတ်ဂျက်ဥပဒေကိုသာ ထုတ်ပြန်ကြေညာလေ့ရှိသကဲ့သို့ တချို့နိုင်ငံများကတော့ ဘတ်ဂျက်ဥပဒေကို ထုတ်ပြန်တဲ့အပြင် ဒါ ဘတ်ဂျက်အကျဉ်းချုပ်စာအုပ်တွေ ထုတ်ဝေခြင်း၊ ဘတ်ဂျက်ဆိုင်ရာကိန်းဂဏန်းအချက်အလက်များ ပြုစုဖြန့်ဝေခြင်း၊ လွှတ်တော်ကို တင်သွင်းတဲ့ ဘတ်ဂျက် Speech ကို ဖြန့်ဝေခြင်းများအပြင် ဘတ်ဂျက်အကောင်အထည်ဖော်မှုကို စနစ်တကျစောင့်ကြည့်ခြင်း အစီရင်ခံတင်ပြခြင်းတို့ကိုလည်း နိုင်ငံအလိုက် ၎င်းတို့ရဲ့ လုပ်ထုံးလုပ်နည်းများနဲ့အညီ ဆောင်ရွက်လျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။

မိမိတို့နိုင်ငံမှာလည်း တစ်နှစ်ထက်တစ်နှစ် ဘတ်ဂျက်တင်ပြမှု အကောင်အထည်ဖော်မှုတွေကို ယခုထက် ပိုမိုပွင့်လင်းမြင်သာမှုကို ရှေးရှုဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ ဘတ်ဂျက်နဲ့ပတ်သက်တဲ့ ဆွေးနွေးမှုများကိုလည်း အထက်မှာ တင်ပြတဲ့အတိုင်းပဲ နေ့စဉ်ထုတ် သတင်းစာတွေ၊ ရေဒီယိုတွေ၊ ရုပ်မြင်သံကြားတွေမှာ အချိန်နဲ့တစ်ပြေးညီ ထည့်သွင်းဖော်ပြခြင်းတွေကို ပြုလုပ်နေပါတယ်။ ပြည်သူများက ရွေးချယ်တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေက ဆွေးနွေးနေခြင်းဖြစ်တဲ့အတွက် ပြည်သူများကိုယ်စား ဝေဖန်ဆွေးနွေး သုံးသပ်ပေးနေခြင်းဖြစ်ကြောင်းလည်း တင်ပြလိုပါတယ်။

စောစောက ကျွန်တော် တင်ပြခဲ့တဲ့ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး အတွက်ကို မိမိတို့ ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ရှေ့လုပ်ငန်းစဉ်များ ကျွန်တော်တို့ ချမှတ်ဆောင်ရွက်လျက်လည်း ရှိပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်မှာ Strategy Department ကို ဖွဲ့စည်းတည်ထောင်ခြင်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှာ ဘဏ္ဍာရေးမူဝါဒနဲ့ မဟာဗျူဟာဌာနခွဲ၊ ပြည်ထောင်စုနဲ့ တိုင်းဒေသကြီးများကြား ဘဏ္ဍာရေးဆက်သွယ်မှုဌာနခွဲတို့ကို တိုးချဲ့ဖွင့်လှစ်ခြင်း ဖြည့်စွက်ရန်ပုံငွေတောင်းခံမှုစနစ်ကို လျှော့ချသွားဖို့နဲ့ တစ်နှစ်စာဘတ်ဂျက်လျာထားမှုကို အနီးစပ်ဆုံးခန့်မှန်းနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်ခြင်း၊ မူဝါဒအခြေခံဘတ်ဂျက်ဖြစ်ပေါ်ရေးအတွက်ကို Bottom - Up Planning နဲ့ Top - Down Budgeting ပုံစံကို တွဲဖက်ကျင့်သုံးပြီး ကာလလတ် ဘဏ္ဍာရေးမူဘောင်လို့ ခေါ်တဲ့ Medium Term Fsical Framework ချမှတ်ကျင့်သုံးခြင်း၊ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်နဲ့ ဘဏ်ခွဲများမှာ Online ချိတ်ဆက်ပြီးတော့မှ Centralize Server အသုံးပြုနိုင်တဲ့ CO - Banking System တစ်ခု အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ အခွန်အကောက်ရငွေတိုးမြင့်လာစေရေး ဆောင်ရွက်ခြင်းနဲ့ အခွန်ကောက်ဥပဒေများ ပြင်ဆင်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းတွေကို ဘဏ္ဍာရေးမူဝါဒနဲ့အညီ ဆောင်ရွက်ခြင်း၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ LDO ရုံးတွေ ဖွင့်လှစ်ခြင်းနဲ့ Software များ တပ်ဆင်အသုံးပြုခြင်း၊ နောက် စာရင်းစစ်ဆေးမှုနဲ့ပတ်သက်ပြီးတော့ ကွန်ပျူတာအကူအညီနဲ့ စစ်ဆေးတဲ့နည်းပညာများ အသုံးပြုပြီးတော့မှ စာရင်းစစ်ဆေးမှုအဆင့်အတန်း တိုးမြင့်ဆောင်ရွက်ခြင်း၊ ပြည်တွင်းပြည်ပ

စာရင်းစစ်ပညာဆိုင်ရာသင်တန်းများ ပို့ချခြင်းနဲ့ ဝန်ထမ်းများ အရည်အသွေးတိုးမြှင့်စေခြင်း၊ ပြည်သူ့ဘဏ္ဍာရေးဆိုင်ရာစွမ်းဆောင်ရည်များ တိုးမြှင့်လာစေဖို့အတွက် Public Financial Management Acedamy တည်ထောင်ခြင်းနဲ့ နိုင်ငံ့ဝန်ထမ်းပင်စင်စနစ် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခြင်းတို့ပဲ ဖြစ်ပါတယ်။ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုစနစ်အရ ကျွန်တော်တို့ ဘဏ္ဍာရေးဝန်ကြီးဌာနဟာ ကမ္ဘာ့ဘဏ်နဲ့ ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်လည်း ရှိပါတယ်။ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ပါ စောစောက ကျွန်တော်တင်ပြခဲ့တဲ့ လုပ်ငန်းစဉ်များနဲ့ ရှေ့လုပ်ငန်းစဉ်များမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသလိုပဲ ပွင့်လင်းမြင်သာတဲ့ ဘတ်ဂျက်အဖြစ် ဆုံးဖြတ်အကဲခတ်နိုင်စေရန်နဲ့ နိုင်ငံတကာစံနှုန်းနဲ့အညီ Open Budget ဖြစ်စေရေး Citizens Budget ဖြစ်ပေါ်လာစေရေးအတွက် တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ရီရဲ့မေးခွန်းနဲ့ ဒုတိယဝန်ကြီးရဲ့ဖြေကြားချက်ကို နည်းဥပဒေ ၁၂၂ အရ နိုင်ငံတော်ပြန်တမ်းမှာ ထည့်သွင်းဖို့ ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

## ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့တွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမောင်၏မေးခွန်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၏ဖြေကြားချက်

**လူမျိုးစာရင်းမှန်ကန်မှု ပြန်လည်ရရှိစေရန်အတွက် သက်ဆိုင်ရာများမှ ဆောလျင်စွာ ပြန်လည်ပြုပြင်ပြောင်းလဲ မှတ်သားပေးနိုင်မည့်အစီအစဉ် ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ**။ ။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၅) မှ ဦးစိုင်းဝင်းမောင်က လူမျိုးစာရင်းမှန်ကန်မှု ပြန်လည်ရရှိစေရန်အတွက် သက်ဆိုင်ရာများမှ ဆောလျင်စွာ ပြန်လည်ပြုပြင်ပြောင်းလဲ မှတ်သားပေးနိုင်မည့် အစီအစဉ် ရှိ၊ မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၀။**

**ဦးစိုင်းဝင်းမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပြီးတော့ အားလုံးပဲ ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသောသုခအပေါင်းနဲ့ ထာဝစဉ်ပြည့်စုံခညောင်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၅) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမောင် ဖြစ်ပါတယ်။ ကျွန်တော် မေးလိုတဲ့ မေးခွန်းကတော့ လူမျိုးစာရင်းမှန်ကန်မှု ပြန်လည်ရရှိစေရန်အတွက် သက်ဆိုင်ရာများမှ ဆောလျင်စွာ ပြန်လည်ပြုပြင်ပြောင်းလဲ သတ်မှတ်ပေးနိုင်မည့် အစီအစဉ် ရှိ၊ မရှိကို ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ မေးမြန်းခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့နိုင်ငံအသီးသီးမှာ နိုင်ငံတစ်နိုင်ငံချင်းမှ အသိအမှတ်ပြုထားတဲ့ တိုင်းရင်းသားမျိုးနွယ်စုများ အသီးသီးရှိကြပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှာလည်းပဲ နိုင်ငံတော်မှ အသိအမှတ်ပြု သတ်မှတ်ထားတဲ့ တိုင်းရင်းသားပေါင်း (၁၃၅) မျိုး ရှိပါတယ်။ အဲဒီတိုင်းရင်းသားများဟာဆိုလို့ရှိရင် မိမိတို့မှ အမြတ်တနိုး၊ ဂုဏ်ယူစိုက်၊ အထူးကြိုးစားသိမ်းဆည်း

ထားတတ်တဲ့ အိမ်ထောင်စုစာရင်းများနှင့် မှတ်ပုံတင်များဆိုတာ ရှိကြပါတယ်။ သို့သော် ထိုသို့ပင်ရှိငြား သော်လည်းပဲ မိမိတို့ရဲ့ အိမ်ထောင်စုစာရင်းနဲ့ မှတ်ပုံတင်တို့တွင် မှတ်သားထားသော လူမျိုးစာရင်းမှန်ကန်ပါမှ မိမိတို့ ရသင့်၊ ရထိုက်သော အခွင့်အရေး၊ ဖြစ်သင့်ဖြစ်ထိုက်သော အခြေအနေများ ရရှိခံစားရမည်ဖြစ်ကြောင်း သိရှိနားလည်မှု နည်းပါးကြပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လူဦးရေစာရင်းနှင့် အိမ်အကြောင်းအရာသန်းခေါင် စာရင်းကို ၃၀-၃-၂၀၁၄ ကနေပြီးတော့ ၁၀-၄-၂၀၁၄ အတွင်း နိုင်ငံတော်မှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ကောက်ယူရာမှာ၊ အဲဒီလိုကောက်ယူရာမှာ အထောက်အကူဖြစ်စေဖို့နဲ့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရှမ်းလူမျိုးဦးရေ စာရင်းအမှန်ရရှိရေးတို့ကို ရည်ရွယ်ပြီးတော့ ရှမ်းလူမျိုးဦးရေစာရင်း အမှန်ကောက်ယူရေး ကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီး၊ Shan Real Population Collecting Committee (Yangon Region) မှ တိုက်ကြီးမြို့နယ်သို့ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း၌လည်းကောင်း၊ တွံတေးနဲ့ ကော့မှူး မြို့နယ်များသို့ ၂၀၁၄ မတ်လစောစောပိုင်းကာလအတွင်း၌လည်းကောင်း ကွင်းဆင်းရှေ့ပြေး ဆောင်ရွက် ခဲ့ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖော်ပြပါမြို့နယ်များသို့ ရှမ်းလူဦးရေစာရင်း အမှန်ကောက်ယူရေး ကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီးမှ ကွင်းဆင်းရှေ့ပြေးဆောင်ရွက်ခဲ့ရာမှာ အောက်ဖော်ပြပါ သိရှိထားသော အချက်အလက်များအရ ဒေသခံတိုင်းရင်းသားများဘက်မှလည်း မှားယွင်းစွာလက်ခံထားရှိသော လူမျိုးစာရင်း ပြန်လည်မှန်ကန်မှုရရှိစေရေးအတွက် ဆန္ဒပြင်းပြလျက်ရှိကြောင်း သိရှိရပါတယ်။

သိရှိရတဲ့အချက်အလက်များမှာ ဆိုလို့ရှိရင် (က) တိုက်ကြီးမြို့နယ်၊ ရှမ်းရွာ (၁၃) ရွာကျော်၌ ရှမ်းအိမ်ထောင်စုစာရင်းပေါင်း (၃၀၀၀) ကျော်ရှိရာ အိမ်ထောင်စုစာရင်း (၂၀၀၀) ကျော်တို့၏ အိမ်ထောင် ဦးစီးတို့ဟာ ရှမ်းလူမျိုးစစ်စစ်ဖြစ်ကြသော်လည်းပဲ ၎င်းတို့၏ အိမ်ထောင်စုစာရင်းတွင် ဗမာဟု ရေးမှားဖော်ပြ ထားခြင်း။ (ခ) တွံတေးမြို့၊ ရှမ်းရွာ (၅) ရွာနှင့် ကော့မှူးမြို့နယ်၊ ရှမ်းရွာ (၇) ရွာတို့၌ ရှမ်းအိမ်ထောင်စု စာရင်းပေါင်း (၂၀၀၀) ကျော်ရှိရာ အိမ်ထောင်စုစာရင်း (၈၀၀) ကျော်တို့၏ အိမ်ထောင်ဦးစီးတို့ဟာ ရှမ်းလူမျိုး အမှန်တကယ်ဖြစ်ပါလျက်နှင့် ၎င်းတို့ရဲ့ အိမ်ထောင်စုစာရင်းတွင် ဗမာဟု ရေးမှားဖော်ပြထားခြင်းရှိကြောင်း သိရှိရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဤမှားယွင်းမှုများဟာ နောက်လာမယ့် ၂၀၁၅ ခုနှစ်အတွက် ရသင့်ရထိုက်သော၊ ဖြစ်သင့်ဖြစ်ထိုက်သော တိုင်းရင်းသားရေးရာဝန်ကြီးများအတွက် အဟန့်အတားများ ဖြစ်ပါကြောင်း သုံးသပ်ရမိပါတယ်။ ရှမ်းတိုင်းရင်းသားများသည် တောင်ပေါ်၊ မြေပြန့်တွင် သာမက ရေကြည်ရာ မြက်နုရာဆိုသလို မြန်မာပြည်တစ်နံတစ်လျား ပြန့်ကျဲ များစွာနေထိုင်လျက်ရှိပါတယ်။ မိမိတို့ရောက်ရှိ အခြေချနေထိုင်ရာဒေသတိုင်းမှာ မိမိတို့ရဲ့ ဓလေ့၊ ရိုးရာ၊ ယဉ်ကျေးမှု၊ စာပေ၊ ဘာသာ စကားများ မပပျောက်အောင် ထိန်းသိမ်းစောင့်ရှောက်လိုစိတ် ရှိကြပါတယ်။ ရှမ်းဖြစ်ခြင်း၌ ဇာတိဂုဏ်၊ လူမျိုးဂုဏ်၊ သမိုင်းဂုဏ် ယနေ့တိုင်ရှိနေဆဲ ဖြစ်ပါတယ်။ သို့သော် လူမျိုးစာရင်း မှားယွင်းစွာထည့်ခြင်းခံထား ရသော အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင် စသည့် အကြောင်းတရားတို့ဟာ တိုင်းရင်းသားတစ်မျိုးနွယ်လုံးရဲ့ ဓလေ့၊ ရိုးရာ၊ ယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကားတို့ကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) အကျိုးတရားရှိအောင် အကောင်အထည်ဖော်ဆောင်ရာမှာ နှောင့်နှေးကြန့်ကြာစေပါတယ်။ မိမိတို့ရဲ့ လူမျိုးအမှန် ပြန်လည်ဖော်ထုတ်ရေးအတွက် နိုင်ငံသားတိုင်းရဲ့ အခွင့်အရေး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော့်အနေနဲ့ မေးလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ (၁) ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ရှမ်းတိုင်းရင်းသားတို့၏ အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်စာရင်းတို့တွင် လူမျိုးအမည် မှားယွင်းစွာ ဖော်ပြထားမှုကို လူမျိုးစာရင်း မှန်ကန်စွာပြန်လည်ဖြစ်ပေါ်ရေးအတွက် သက်ဆိုင်ရာများမှ ဆောလျင်စွာ ပြန်လည်ပြုပြင် ပြောင်းလဲသတ်မှတ်ပေးမည့် အစီအစဉ် ရှိ၊ မရှိနှင့် (၂) ရန်ကုန်တိုင်းဒေသကြီးနှင့် အလားတူ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရှမ်းတိုင်းရင်းသားတို့ရဲ့ အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်စာရင်းတို့တွင် လူမျိုးစာရင်း မှားယွင်းမှုများရှိနေလျှင်

သက်ဆိုင်ရာများမှ ဆောလျင်စွာ ပြန်လည်ပြုပြင် ပြောင်းလဲသတ်မှတ်ပေးမည့် အစီအစဉ် ရှိ၊ မရှိ။ (၃) အကယ်၍ ရှိမည်ဆိုလျှင် ရှမ်းတိုင်းရင်းသားများ၏ ရသင့်ရထိုက်သော အခွင့်အရေးများ မဆုံးရှုံး ရလေအောင် အမှားစာရင်းမှ အမှန်စာရင်းသို့ ဆောလျင်စွာ ပြန်လည်ပြုပြင် ပြောင်းလဲမှတ်သားပေးနိုင်ရေး အတွက် မည်သည့်အချိန်အခါတွင် ဆောင်ရွက်ပေးမည့်အကြောင်း သိရှိလို၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တိုင်းပြည်အကျိုးနဲ့ ရှမ်းတိုင်းရင်းသားများအကျိုးတို့အတွက် လေးစားစွာမေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၃၀။**

**ဦးဝင်းမြင့် (ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ် ပါတယ်ခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမောင် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးဝင်းမြင့်က ရှင်းလင်းဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ဦးစိုင်းဝင်းမောင်ရဲ့ မေးခွန်း (၃) ခုကတော့ မေးခွန်း (၁) ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရှမ်းတိုင်းရင်းသားတို့၏ အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်စာရင်းတို့တွင် လူမျိုးအမည် မှားယွင်းစွာဖော်ပြ ထားမှုကို လူမျိုးစာရင်း မှန်ကန်စွာပြန်လည်ဖြစ်ပေါ်ရေးအတွက် သက်ဆိုင်ရာများမှ ဆောလျင်စွာပြန်လည် ပြုပြင် ပြောင်းလဲသတ်မှတ်ပေးမည့် အစီအစဉ် ရှိ၊ မရှိ။ မေးခွန်း (၂) ကတော့ ရန်ကုန်တိုင်းဒေသကြီးနှင့် အလားတူ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်း ဒေသကြီးအတွင်းရှိ ရှမ်းတိုင်းရင်းသားတို့ရဲ့ အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်စာရင်းတို့တွင် လူမျိုးစာရင်း မှားယွင်းမှုများရှိနေလျှင် သက်ဆိုင်ရာများမှ ဆောလျင်စွာ ပြန်လည်ပြုပြင် ပြောင်းလဲသတ်မှတ်ပေးမည့် အစီအစဉ် ရှိ၊ မရှိနှင့် မေးခွန်း (၃) ကတော့ အကယ်၍ ရှိမည်ဆိုလျှင် ရှမ်းတိုင်းရင်းသားများရဲ့ ရသင့် ရထိုက်သော အခွင့်အရေးများ မဆုံးရှုံးရလေအောင် အမှားစာရင်းမှ အမှန်စာရင်းသို့ ဆောလျင်စွာ ပြန်လည် ပြုပြင် ပြောင်းလဲမှတ်သားပေးနိုင်ရေးအတွက် မည်သည့်အချိန်အခါတွင် ဆောင်ရွက်ပေးမည့်အကြောင်း သိရှိလိုပါကြောင်း မေးမြန်းခဲ့တာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးမြန်းချက်နဲ့ပတ်သက်၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားများရဲ့ မှတ်ပုံတင်ဆောင်ရွက်ရာ၌ လူမျိုးရေးသွင်းခြင်းနှင့်ပတ်သက်၍ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမြမောင်၊ ရှမ်းပြည်နယ် မူဆယ်မြို့နယ်မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘိုးအောင်နဲ့ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေတို့မှလည်း အထက်ပါအတိုင်း မေးမြန်းခဲ့သည်ဖြစ်၍ အဆိုပါ မေးမြန်းချက်များအပေါ် ရှင်းလင်းဖြေကြားခဲ့ပြီးဖြစ်သည့်အပြင် လူမျိုးရေးသွင်းမှု မှားယွင်းနေပါက ကာယကံရှင်များမှ လူမျိုးအမှန် ပြင်ဆင်ပေးရန် အထောက်အထားများဖြင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူး ရုံးများတွင် လျှောက်ထားပါက လုပ်ထုံးလုပ်နည်းနဲ့အညီ ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းလည်း

ဖြေကြားခဲ့ပြီးကြောင်း တင်ပြအပ်ပါတယ်။ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသား၏ ကိုယ်ရေးမှတ်တမ်းပုံစံ၊ နိုင်-၂ အပါအဝင် ရုံးမှတ်တမ်းများ ရေးသွင်းမှတ်တမ်းတင်ခြင်းနဲ့ပတ်သက်၍ အနည်းငယ်ရှင်းလင်းတင်ပြလိုပါတယ်။

မှတ်ပုံတင်စာရင်းများမှာ ရေးသွင်းရသည့် အချက်အလက်များဟာ နိုင်ငံသားအရည်အချင်း ရှိ၊ မရှိ ဆုံးဖြတ်ရာတွင် အလွန်အရေးကြီးသဖြင့် အချက်အလက်များ မှန်ကန်တိကျမှုနှင့် အငြင်းပွားဖွယ်ရာ မဖြစ်စေရန်အတွက် ကာယကံရှင်၏ တရားဝင်ပြောဆိုတင်ပြချက်များကို အခိုင်အမာရယူကာ မှတ်တမ်းအထောက်အထားများဖြင့် တိုက်ဆိုင်စိစစ်၍ မိမိတို့ဝန်ထမ်းပိုင်းက ရေးသွင်းခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့်အညီ ရေးသွင်းပေးရခြင်းသာဖြစ်ပြီး ကာယကံရှင်မှ လျှောက်ထားချက်များ မှန်ကန်ကြောင်း တာဝန်ယူလက်မှတ်ရေးထိုးရပါတယ်။ လူမျိုးရေးသွင်းမှုနဲ့ပတ်သက်၍ နိုင်ငံသား၏ ကိုယ်ရေးမှတ်တမ်းပုံစံ၊ နိုင်-၂ ပါ အကြောင်းအရာများ ရေးသွင်းခြင်းဆိုင်ရာညွှန်ကြားချက်အရ လုပ်ဆောင်မှုနည်းစနစ် (၅) ခု ရှိပါတယ်။ ပထမတစ်ခုကတော့ မှတ်ပုံတင်သူ၏ လူမျိုးကို အတိအကျရေးသားဖော်ပြရပါမယ်။ (၂) ကတော့ ကပြားဖြစ်ပါက ဖခင်လူမျိုးကို ရှေ့ကထားပြီးတော့မှ မိခင်လူမျိုးအမည်ကို နောက်ကထား၍ ယှဉ်တွဲဖော်ပြရပါတယ်။ ဥပမာ - တရုတ်/ဗမာ ဖြစ်ပါတယ်။ (၃) အချက်ကတော့ ဖခင်နှင့်မိခင်ပါ ကပြားဖြစ်ပါက အထက်ကနည်းအတိုင်းပင် ရေးသားရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် ဗမာ+တရုတ်/အင်္ဂလိပ်+ဗမာ ဖြစ်ပါတယ်။ (၄) က တိကျခွဲခြားစွာ ဖော်ပြရန် ခက်ခဲနေသူများ၏ လူမျိုးအမည် ရေးသွင်းရာတွင် ဖခင်၏လူမျိုးအမည်ကို ရေးသားရမှာဖြစ်ပါတယ်။ (၅) ကတော့ လျှောက်ထားသူ လျှောက်လွှာရှင်၏ တရားဝင်ပြောဆိုချက်ကို အထောက်အထားဖြင့် စိစစ်ပြီး မှတ်တမ်းတင်ရေးသားရမှာ ဖြစ်ပါတယ်။

ထို့ကြောင့် လူမျိုးအမည်ရေးသွင်းခြင်းဟာ ရေးသွင်းသူက မိမိသဘောဖြင့် စတင်ရေးသားရခြင်းမဟုတ်ဘဲ မိဘအထောက်အထားနှင့် ရှေ့နောက်ညီညွတ်မှန်ကန်သည့် ကာယကံရှင်တို့၏ ပြောဆိုချက်အတိုင်းသာ ရေးသွင်းပေးရခြင်းသာ ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားလိုပါတယ်။ အကြောင်းကြောင်းကြောင့် လူမျိုးမှားယွင်းနေမှုများ ရှိပါကလည်း လူမျိုးအမှန် ပြင်ဆင်ပေးနိုင်ရေးအတွက် မိမိဝန်ကြီးဌာနမှာ လုပ်ထုံးလုပ်နည်းများ ရှိပြီးဖြစ်သည့်အပြင် လက်ရှိတွင်လည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကာယကံရှင်များရဲ့ ပုဂ္ဂိုလ်ရေး၊ ကိုယ်ရေးအချက်အလက်များ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကာယကံရှင်များကိုယ်တိုင် ခိုင်လုံသောအထောက်အထားများဖြင့် တင်ပြလျှောက်ထားလာပါက ပြင်ဆင်ဆောင်ရွက်ပေးလျက် ရှိပါတယ်။

မိုးပွင့် အဆင့် (၅) စီမံချက်တွင်လည်းပဲ အိမ်ထောင်စုစာရင်းဆိုင်ရာလုပ်ငန်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းဆိုင်ရာလုပ်ငန်းများအပြင် လူမျိုးမှားယွင်းနေသည်ဆိုသူများအတွက်လည်းပဲ ခိုင်လုံသောအထောက်အထားများဖြင့် လူမျိုးအမှန် ပြင်ဆင်ရေးလုပ်ငန်းကိုပါ ဆောင်ရွက်ပေးခဲ့ပါကြောင်းလည်း တင်ပြလိုပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး ပထမမေးမြန်းချက်နဲ့ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရှမ်းတိုင်းရင်းသားတို့၏ အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်စာရင်းတို့မှာ လူမျိုးအမည် မှားယွင်းစွာဖော်ပြထားမှုကို လူမျိုးစာရင်း မှန်ကန်စွာပြန်လည်ဖြစ်ပေါ်ရေးအတွက် လူမျိုးအမှန် ပြန်လည်ပြင်ဆင်ရေးလုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ၊ အစီအစဉ်များ ရှိပြီးဖြစ်ပါကြောင်းနှင့် ကာယကံရှင်များမှ မိမိတို့ရဲ့ကိုယ်ရေးအချက်အလက်များ၊ ခိုင်လုံသောအထောက်အထားများဖြင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးရုံးများတွင် လျှောက်ထားဆောင်ရွက်နိုင်ပါကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ ဒုတိယမေးမြန်းချက်နဲ့ပတ်သက်၍ လူမျိုးအမှန်ပြင်ဆင်ခြင်းဟာ ရန်ကုန်တိုင်းဒေသကြီးနှင့် အလားတူ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရှမ်းတိုင်းရင်းသားတို့သာမက မြန်မာတစ်ပြည်လုံးတွင် တိုင်းရင်းသားအားလုံး

တို့အား အထက်အပိုဒ်တွင် တင်ပြသကဲ့သို့ စီစဉ်ဆောင်ရွက်ပေးနေပါကြောင်းလည်း ဖြေကြားလိုပါတယ်။ မေးခွန်း (၁) နှင့် (၂) တို့နှင့် ပတ်သက်ပြီးတော့မှ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်အတွင်းရှိ ရှမ်းတိုင်းရင်းသားတို့၏ အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်စာရင်းတို့တွင် လူမျိုးစာရင်း မှားယွင်းမှုများရှိနေသဖြင့် ဆောလျင်စွာ ပြန်လည်ပြုပြင်ရန်မှာ သက်ဆိုင်ရာအိမ်ထောင်စုဝင် မိသားစုများမှ လူမျိုးအမည်ပြောင်းလဲရေးနှင့်ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနသို့ လုပ်ထုံးလုပ်နည်းနဲ့အညီ လျှောက်ထားရမည်ဖြစ်ကြောင်းလည်း တင်ပြအပ်ပါတယ်။

မေးခွန်း (၃) နဲ့ပတ်သက်၍ ရှမ်းတိုင်းရင်းသားများ၏ ရသင့်ရထိုက်သော အခွင့်အရေးများ မဆုံးရှုံး ရလေအောင် အမှားစာရင်းမှ အမှန်စာရင်းသို့ ဆောလျင်စွာ ပြန်လည်ပြုပြင်ပြောင်းလဲနိုင်ရေးအတွက် ၂၀၁၄ ခုနှစ်၊ ပြည်လုံးကျွတ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို နိုင်ငံတစ်ဝန်းမှာ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခဲ့ပြီး ဖြစ်ပါတယ်။ ကောက်ယူရရှိခဲ့သည့် အချက်အပေါ်မှာ လူမျိုးစာရင်းမှန်ကန်မှု ပြန်လည် ရရှိစေရန်အတွက် အတတ်နိုင်ဆုံး ဆောလျင်စွာ ပြန်လည်ပြုပြင် ပြောင်းလဲမှတ်သားပေးနိုင်မည့် အစီအစဉ် လည်း ရှိကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ယခုအခါမှာ သန်းခေါင်စာရင်းနဲ့ပတ်သက်ပြီးတော့မှ စာရင်းဇယားပြုစုခြင်းလုပ်ငန်း (Data Processing) ကို ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်မှာ အိမ်ထောင်စုပေါင်း (၁၂) သန်းခန့် ရှိပြီးတော့မှ နိုင်ငံတစ်ဝန်း စာရင်းကောက်ကွက်ပေါင်း (၈၁၀၀၀) အား လူ၊ လှည်း၊ သမ္ပန်၊ မော်တော်ကား၊ လေယာဉ် စသဖြင့် လေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်းများဖြင့် ကောက်ကွက်မှတစ်ဆင့် ရွာ၊ ယင်းမှ တစ်ဆင့် မြို့နယ်၊ ခရိုင်၊ တိုင်း၊ ဗဟိုအထိ အဆင့်ဆင့်သယ်ယူရသည့် လုပ်ငန်းပမာဏဟာ အင်မတန် ကြီးမားသည့်အတွက်ကြောင့်မို့လို့ ယခုနှစ် မေလကုန်မှသာ ကျွန်တော်တို့ဝန်ကြီးဌာနသို့ အစုံအလင်ရောက်ရှိ ခဲ့ပါတယ်။

သို့ဖြစ်၍ စာရင်းကောက်များ၏ ရေးသွင်းထားသည့် စာရင်းကောက်ကွက်အလိုက် အိမ်ထောင်စု၊ လူဦးရေ စာရင်းအချုပ်များ ပြုစု၍ ရှေ့ပြေးလူဦးရေစာရင်းဖြင့် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လကုန်ခန့်တွင် ထုတ်ပြန် နိုင်မည် ဖြစ်ပါတယ်။ တိကျစွာ တရားဝင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်းလည်း တင်ပြအပ်ပါတယ်။ ရောက်ရှိလာခဲ့တဲ့ မေးခွန်းပုံစံများကို Optical Mark Recognition စက်သို့ တိုက်ရိုက်ထည့်သွင်းလျှင် စက်မှဖတ်၍မရတဲ့အတွက်ကြောင့်မို့လို့ တစ်ရွက်ချင်းအား စက်မှဖတ်ရန်အတွက် လူအင်အားဖြင့် နေ့၊ ည အဆိုင်းခွဲ၍ ပြန်လည်ပြင်ဆင်ရပါတယ်။ ပြင်ဆင်ပြီးမေးခွန်းများကို တစ်နေ့မှာ ရွက်ရေ (၁၂၀၀၀၀) ကျော် စက်မှဖတ်ပြီးတော့မှ သိမ်းဆည်းထားနိုင်ပါတယ်။ OMR စက် (၈) လုံးရဲ့ အမြင့်ဆုံးစွမ်းဆောင်ရည်လည်း ဖြစ်ပါတယ်။ လူအင်အားများတဲ့ အိန္ဒိယနိုင်ငံသည်ပင်လျှင် လူသန်း (၅၀) မှာ စက် (၂) လုံးသာ အသုံးပြု တာကို သိရှိရပါတယ်။ တစ်နေ့လျှင် မေးခွန်းပုံစံ (၁၂၀၀၀၀) စက်မှဖတ်၍ရသော်လည်းပဲ ရေးသွင်းချက် များဟာ ရာနှုန်းပြည့်မှန်သည်ဟု ယူဆ၍မရပါ။ မသေချာသည့် အချက်အလက်များအား ပြန်စစ်ရသည့် Key Correction လုပ်ငန်းမှာ နေ့စဉ် (၉၀၀၀၀) ကျော်ခန့်သာ လုပ်ဆောင်နိုင်သည်ဖြစ်၍ ယင်းလုပ်ငန်းစဉ် ဟာလည်း (၅) လကျော်၊ (၆) လခန့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါတယ်။

ယင်းလုပ်ငန်းများပြီးပါက Editing လို့ ခေါ်တဲ့ တည်းဖြတ်ခြင်းလုပ်ငန်းအား ဆောင်ရွက်မည်ဖြစ်ပြီး တော့မှ ဇယားများ တည်ဆောက်ခြင်းလုပ်ငန်း Tabulation လုပ်ငန်းကိုလည်း ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါတယ်။ စာရင်းဇယားပြုစုခြင်းလုပ်ငန်းစဉ်ကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလမှာ အပြီးဆောင်ရွက်နိုင်ရန် ခန့်မှန်းထားပါတယ်။ ဆန်းစစ်လေ့လာခြင်းနှင့် ဇယားများတည်ဆောက်ခြင်း၊ အခြေခံလူဦးရေစာရင်းများ ထုတ်ပြန်ခြင်းကို ၂၀၁၅ ခုနှစ်၊ ပထမ (၄) လပတ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း တင်ပြအပ် ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ သန်းခေါင်စာရင်းကောက်ယူရာမှာ အခြေခံသတ်မှတ်ထားတဲ့ Code ဖြင့် ကောက်ယူခဲ့သော တိုင်းရင်းသား လူမျိုးစု၊ မျိုးနွယ်စုများဟာ အပြောင်းအလဲရှိနိုင်ပါတယ်။ ယင်းစာရင်းများကို စာရင်းဇယားများပြုစုခြင်း လုပ်ငန်းမှ တိုင်းရင်းသားလူမျိုးစု၊ မျိုးနွယ်စုများနှင့်ပတ်သက်၍ ထွက်ရှိလာသည့် စာရင်းများအရ လူမျိုးစု အမည်၊ သတ်ပုံ၊ သတ်ညွှန်း မှားနေခြင်း၊ လူမျိုးစုအမည်သစ် ထပ်မံတိုးလာခြင်းနှင့် အချို့မှာ ပျောက်ကွယ် သွားခြင်းတို့အပေါ်မှာ မူတည်၍ တိုင်းရင်းသားလူမျိုးစုများထံမှ အကြံပြုချက်၊ ပူးပေါင်းကူညီဆောင်ရွက်ချက် များရယူပြီးတော့မှ လုပ်ထုံးလုပ်နည်းများနဲ့အညီ ပြန်လည်သုံးသပ်ပြင်ဆင်သွားနိုင်ရေး အဆင့်ဆင့်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ယင်းလုပ်ငန်းစဉ်ပြီးမှသာ တိုင်းရင်းသားလူမျိုးစု၊ မျိုးနွယ်စုများ စာရင်း ပြန်လည်ပြုပြင် ပြောင်းလဲမှတ်သားပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ**။ ။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၅) မှ ဦးစိုင်းဝင်းမောင်ရဲ့ မေးခွန်းနဲ့ လူဝင်မှု ကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးရဲ့ ဖြေကြားချက်တို့ကို နည်းဥပဒေ ၁၂၂ အရ မြန်မာနိုင်ငံပြန်တမ်းမှာ ထည့်သွင်းဖို့ ဆုံးဖြတ်ပါတယ်။ (ဩဘာသံများ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၂ ရက် )

အမှတ် ၄၅ ။ ။ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၄/၂၀၁၄) အရ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ဦးဌေးဝင်း (ခ/၁၀၁၁) အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၆၃ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၂၃၃ (ဆ) အရ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ လျော့ပေါ့ပင်စင် ခံစားခွင့်ပြုလိုက်သည်။

မြသိန်း

ဥက္ကဋ္ဌ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၈/၂၀၁၄)**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၁ ရက် )

**ဧရာဝတီတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တစ်ဦးတို့အား အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၁ ခုနှစ်၊ ဇွန်လ ၂၃ ရက်စွဲပါ ကြေညာချက်အမှတ် (၁၃/၂၀၁၁) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနေရာတွင် ဧရာဝတီတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ တင်ပြချက်အရ ဦးမျိုးထွန်း အစား ဦးအောင်မြင့်အားလည်းကောင်း၊ အဖွဲ့ဝင်နေရာတွင် ဦးအောင်မြင့် အစား ဦးမောင်မောင်အားလည်းကောင်း စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန
## (ဝန်ကြီးရုံး)

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်
( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၆ ရက် )

အမှတ် ၃၁ ။ ။ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့တွင် ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၁/၂၀၁၄) မှ သဘောတူညီချက်အရ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးမှ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ဦးရဲညွှန့်အား ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီး ဆေးစစ်ဆေးရေးအဖွဲ့၏ ဆေးထောက်ခံချက်အရ ၂၀၁၄ ခုနှစ်၊ မေလ ၃၀ ရက်နေ့ နံနက်ပိုင်းမှစ၍ နာမကျန်းပင်စင် ခံစားခွင့်ပြုလိုက်သည်။

ဦးအောင်ကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
## အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၁၄

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၈ ရက်
( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၅ ရက် )

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၄၂၊ ပုဒ်မခွဲ (က) အရ အပ်နှင်းသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## "ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ"

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသော စကားရပ်များသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေ**ဆိုသည်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို ဆိုသည်။

(ခ) **ကျောင်း**ဆိုသည်မှာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက တည်ထောင်ဖွင့်လှစ်သည့် သို့မဟုတ် ပုဂ္ဂလိက၊ ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုခုက တည်ထောင်ဖွင့်လှစ်ထားပြီး အစိုးရက အသိအမှတ်ပြုထားသည့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်းတစ်ခုခုကို ဆိုသည်။

(ဂ) **ပတ်ဝန်းကျင်စီမံခန့်ခွဲမှု**ဆိုသည်မှာ ကမ္ဘာမြေပေါ်ရှိ သက်ရှိများနှင့် ယင်းတို့၏ကူးလူးဆက်နွှယ်မှုများအပေါ် ဩဇာလွှမ်းမိုးသော သက်ရှိ၊ သက်မဲ့ အရာအားလုံးကို နှီးနွှယ်ဆက်စပ် အကျိုးသက်ရောက်စေသည့် လူတို့၏ ပြုမူဆောင်ရွက်ချက်များအား စီမံခန့်ခွဲမှုကို ဆိုသည်။

(ဃ) **ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း**ဆိုသည်မှာ ဆောင်ရွက်ရန် အဆိုပြုထားသော စီမံကိန်း၊ စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှုတစ်ခုခုကို ခွင့်ပြုရန် သင့် မသင့် ဆုံးဖြတ်နိုင်ရေးအတွက် ယင်းလုပ်ငန်းလုပ်ဆောင်မှုကြောင့် ပတ်ဝန်းကျင်၏ ရုပ်ပိုင်း၊ လူနှင့် သက်ရှိလောက၊ လူမှုရေးနှင့် လူမှုစီးပွားရေးတို့အပေါ် ထင်ရှားသိသာစွာ ထိခိုက်ပြောင်းလဲမှု ဖြစ်ပေါ်စေနိုင်သည့် အလားအလာများ သို့မဟုတ် ထိခိုက်ပြောင်းလဲမှုဖြစ်စဉ်များ ရှိ မရှိ စနစ်တကျဆန်းစစ်သည့် လုပ်ငန်းစဉ်ကို ဆိုသည်။

(င) **တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း**ဆိုသည်မှာ စီမံကိန်း၊ စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှုကို အကောင်အထည်ဖော်ဆောင်ရွက်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသော်လည်းကောင်း၊ စိစစ်ခွင့်ပြုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသော်လည်းကောင်း မဟုတ်သော အခြားပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(စ) **ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း**ဆိုသည်မှာ စီမံကိန်း၊ စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှုတစ်ခု၏ ဖြစ်နိုင်ခြေရှိသော အကျိုးသက်ရောက်မှုများသည် သိသာထင်ရှားမှု ရှိ မရှိ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆောင်ရွက်ရန် လိုအပ်ခြင်း ရှိ မရှိနှင့် သတ်မှတ်ထားသော အခြားစာရွက်စာတမ်း အထောက်အထားများ ပြုစုတင်ပြရန် လိုအပ်ခြင်း ရှိ မရှိ စစ်ဆေးခြင်းကို ဆိုသည်။

(ဆ) **ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်**ဆိုသည်မှာ စီမံကိန်း၊ စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှု တည်ဆောက်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ လုပ်ငန်းလည်ပတ်ခြင်း၊ ရပ်စဲခြင်း၊ ပိတ်သိမ်းခြင်း လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်မှုကြောင့်လည်းကောင်း၊ ယင်းသို့ဆောင်ရွက်ခြင်းနှင့်သက်ဆိုင်သည့် အခြားအကြောင်းတစ်ခုခုကြောင့်လည်းကောင်း ပတ်ဝန်းကျင်ကို ဆိုးကျိုးသက်ရောက်ခြင်းမှ ကာကွယ်ရန်ဖြစ်စေ၊ ရှောင်လွှဲရန်ဖြစ်စေ၊ ဆိုးကျိုးသက်ရောက်မှု လျော့နည်းစေရန်ဖြစ်စေ ဆောင်ရွက်မည့်နည်းလမ်းနှင့် အစီအစဉ်များ ဖော်ပြသည့် စီမံချက်ကို ဆိုသည်။ ယင်းစကားရပ်တွင် ပတ်ဝန်းကျင်အခြေအနေပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို စောင့်ကြည့်လေ့လာမည့် အစီအစဉ်များနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ အရေးပေါ်အခြေအနေနှင့်စပ်လျဉ်း၍ ကြိုတင်စီမံထားရှိမှုများ ပါဝင်သည်။

(ဇ) **ပုံစံ**ဆိုသည်မှာ ဤနည်းဥပဒေများတွင် ပါရှိသော ပုံစံကို ဆိုသည်။

(ဈ) **ပတ်ဝန်းကျင်ထိန်းသိမ်းရေးအရာရှိ**ဆိုသည်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် အထက်အရာရှိများကို ဆိုသည်။

## အခန်း (၂)
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာမူဝါဒ ချမှတ်ခြင်း

၃။ ကော်မတီသည် သက်ဆိုင်ရာကဏ္ဍအလိုက် လိုအပ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာမူဝါဒများကို သက်ဆိုင်သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ သင့်လျော်သောအဖွဲ့အစည်း၊ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းပြုစု၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။ ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာမူဝါဒများကို အများပြည်သူ သိရှိနိုင်ရန် သင့်လျော်သော နည်းလမ်းများဖြင့် ထုတ်ပြန်ရမည်။

၄။ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်ချက်အရလည်းကောင်း၊ ဝန်ကြီးဌာန၏ အကြံပြုတင်ပြချက်အရလည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂလိကကဏ္ဍနှင့် အများပြည်သူတို့၏ အကြံပြုချက်အရလည်းကောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာမူဝါဒများကို ပြင်ဆင်သင့်သည်ဟု ယူဆပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပြင်ဆင်ရမည်။

၅။ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာမူဝါဒများ ချမှတ်ရန်ဖြစ်စေ၊ ပြင်ဆင်ရန်ဖြစ်စေ လိုအပ်သည်ဟု ယူဆသည့်အခါ ယင်းသို့ မူဝါဒများ ချမှတ်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်ရေးအတွက် လေ့လာတွေ့ရှိချက်နှင့် အကြံပြုချက်တို့ကို ကော်မတီသို့ တင်ပြရမည်။

၆။ ဝန်ကြီးဌာနသည် မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒနှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် နည်းဥပဒေ ၃ အရ ကော်မတီက ထုတ်ပြန်သော အခြားပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒများကို အကောင်အထည်ဖော်ရမည်။

## အခန်း (၃)
## ပတ်ဝန်းကျင်ထိန်းသိမ်းရေး

၇။ ကော်မတီသည် အောက်ပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးစည်းရုံးမှုများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည် -

(က) ကျောင်းများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဟောပြောပွဲများ စီစဉ်ကျင်းပခြင်း၊

(ခ) သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ အင်တာနက် စသည့် မီဒီယာများမှတစ်ဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအသိပညာ ဖြန့်ဝေခြင်း၊

(ဂ) မြို့ပြနှင့်ကျေးလက်ဒေသများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဟောပြောပွဲနှင့် ဆွေးနွေးပွဲ အစီအစဉ်များ ရေးဆွဲချမှတ်၍ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ကျောင်းအုပ်ချုပ်သူများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရပ်နှင့်သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်း၊

(င) အခြားပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးစည်းရုံးလှုပ်ရှားမှုများ ဆောင်ရွက်ခြင်း။

၈။ ကော်မတီသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း၍ အောက်ပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလှုပ်ရှားမှုများကို ဆောင်ရွက်နိုင်သည် -

(က) သစ်ပင်စိုက်ပျိုးခြင်း၊ ငါးမျိုးစိုက်ထည့်ခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအထောက်အကူပြု လှုပ်ရှားမှုများ ဆောင်ရွက်ခြင်း၊

(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပြပွဲ၊ ပြခန်းများ ပြသခြင်း၊ ပြိုင်ပွဲများ ကျင်းပခြင်း၊ ပြဇာတ်၊ ကဇာတ်နှင့် ဖျော်ဖြေပွဲများ ကျင်းပခြင်း၊

(ဂ) စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်း၊

(ဃ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အထိမ်းအမှတ်နေ့များ ကျင်းပခြင်း၊

(င) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အခြားလှုပ်ရှားမှုများ ဆောင်ရွက်ခြင်း၊

(စ) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသော ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းစောင့်ရှောက်၍ နေရင်းဒေသများတွင် ပြန်လည်ရှင်သန်ပေါက်ပွားနိုင်ရေးအတွက် ဆောင်ရွက်ခြင်း။

၉။ ကော်မတီသည် -

(က) ကျောင်းသင်ခန်းစာများပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာသင်ခန်းစာများကို လိုအပ်သလို ဖြည့်စွက်ထည့်သွင်းရန်နှင့် ပြင်ဆင်နိုင်ရန် သက်ဆိုင်ရာဌာနများသို့ အကြံပြုတိုက်တွန်းနိုင်သည်။

(ခ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက အကြံပြုချက်နှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေကို အခါအားလျော်စွာစိစစ်ရမည်။

၁၀။ ကော်မတီသည် အောက်ပါအခြေအနေတစ်ခုခု ပေါ်ပေါက်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအား လိုအပ်သည့် အကြံပြုချက် သို့မဟုတ် တိုက်တွန်းချက်များ ပေးပို့နိုင်သည် -

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က လမ်းညွှန်ခြင်း၊

(ခ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက အကြံပြုချက်တောင်းခံခြင်း၊

(ဂ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စုံစမ်းစစ်ဆေးချက်အရ တွေ့ရှိခြင်း၊

(ဃ) သတင်းပေးပို့ချက်တစ်ခုခုအရသော်လည်းကောင်း၊ မိမိသဘောအလျောက်သော်လည်းကောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လိုအပ်သည်ဟု ယူဆခြင်း။

၁၁။ ကော်မတီသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက နည်းဥပဒေ ၁၀ အရ အကြံပြုချက် သို့မဟုတ် တိုက်တွန်းချက်နှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရန် ဝန်ကြီးဌာနအား တာဝန်ပေးအပ်နိုင်သည်။

၁၂။ ကော်မတီသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးတို့အတွက် -

(က) လိုအပ်သော အဆိုပြုချက်၊ အကြံပြုချက်နှင့် သဘောထားမှတ်ချက်များကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများထံမှလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ ကျွမ်းကျင်သူများနှင့် အများပြည်သူတို့ထံမှလည်းကောင်း ကိစ္စတစ်ခုချင်းအလိုက်ဖြစ်စေ၊ ယေဘုယျဖြစ်စေ သင့်လျော်သောနည်းလမ်းဖြင့် တောင်းခံနိုင်သည်။

(ခ) လိုအပ်ပါက အလုပ်ရုံဆွေးနွေးပွဲ၊ နှီးနှောဖလှယ်ပွဲများ ကျင်းပရန် ဦးစီးဌာနအား လမ်းညွှန်နိုင်သည်။

(ဂ) ပြည်တွင်း၊ ပြည်ပမှ နည်းပညာဆိုင်ရာအကူအညီများကို လက်ခံရယူနိုင်သည်။

(ဃ) နည်းဥပဒေခွဲ (ဂ) နှင့်အညီ ရရှိသော နည်းပညာဆိုင်ရာအကူအညီများကို ဝန်ကြီးဌာနမှ စာရင်းပြုစုထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်း ပြုစေနိုင်သည်။

(င) ပြည်တွင်းပြည်ပမှ နည်းပညာအကူအညီများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများအား ရယူစေခြင်းနှင့် ယင်းသို့ လက်ခံရရှိနိုင်စေရန် လိုအပ်သော အကူအညီပေးခြင်း ပြုနိုင်သည်။

(စ) နည်းပညာအကူအညီ လက်ခံရရှိသော သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ နည်းပညာလက်ခံရရှိမှုနှင့် လုပ်ငန်းတိုးတက်ဆောင်ရွက်မှုအခြေအနေကို သက်ဆိုင်ရာလုပ်ငန်းပြီးစီးသည့် အချိန်တွင်ဖြစ်စေ၊ နှစ်စဉ်ဖြစ်စေ ကော်မတီသို့ အသိပေးရန် ညှိနှိုင်းဆောင်ရွက်ရမည်။

၁၃။ ကော်မတီသည် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးနိုင်သော အခြေအနေများဖြစ်ပေါ်ခြင်းတို့နှင့်စပ်လျဉ်း၍ -

(က) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းပိုင်လုပ်ငန်း၊ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာန၊ ဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် နေရာကြောင့်ဖြစ်ပေါ်ကြောင်း တွေ့ရှိပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့လည်းကောင်း၊ ပုဂ္ဂလိကပိုင်၊ ဖက်စပ်ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာန၊ ဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် နေရာကြောင့်ဖြစ်ကြောင်း တွေ့ရှိပါက သက်ဆိုင်ရာပိုင်ရှင်သို့လည်းကောင်း၊ ယင်းတို့အား လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုချက်၊ လိုင်စင်၊ ပါမစ်၊ အခွင့်အမိန့်ထုတ်ပေးသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့လည်းကောင်း ပတ်ဝန်းကျင်ထိခိုက်မှုမဖြစ်ပေါ်စေရေးအတွက် သတ်မှတ်သည့်ကာလအတွင်း လိုအပ်သလို ပြုပြင်ဆောင်ရွက်ရန် အကြောင်းကြားနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ အကြောင်းကြားချက်ကို သတ်မှတ်ကာလအတွင်း လိုက်နာဆောင်ရွက်ခြင်း မရှိပါက ယင်းလုပ်ငန်းကို ရပ်စဲသည်အထိ အရေးယူဆောင်ရွက်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ အကြောင်းကြားရမည်။

(ဂ) လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့ထံမှ မူဝါဒတောင်းခံဆောင်ရွက်ရမည်။

၁၄။ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ နိုင်ငံတစ်ဝန်းလုံးနှင့်သက်ဆိုင်သော လုပ်ငန်းအစီအစဉ်များကိုလည်းကောင်း၊ ဒေသဆိုင်ရာလုပ်ငန်းအစီအစဉ်များကိုလည်းကောင်း ကော်မတီ၏ အတည်ပြုချက်ဖြင့် အကောင်အထည်ဖော်ရမည်။

၁၅။ ဝန်ကြီးဌာနသည် နည်းဥပဒေ ၁၄ အရ အကောင်အထည်ဖော်သော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုလုပ်ငန်း အစီအစဉ်များကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး သို့မဟုတ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ပုဂ္ဂလိကအဖွဲ့အစည်းနှင့် အများပြည်သူတို့က သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းရမည်။

၁၆။ ဝန်ကြီးဌာနသည် -

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးအတွက်လည်းကောင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ် စေရန် ကာကွယ်ရေး၊ ထိန်းချုပ်ရေး၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုလျှော့နည်းပပျောက်ရေးနှင့် ပြန်လည် ပြုပြင်ထိန်းသိမ်းရေးတို့အတွက်လည်းကောင်း လိုအပ်သည့် အစီအစဉ်များကို ကော်မတီ၏ အတည်ပြုချက်ဖြင့် ချမှတ်ရမည်။

(ခ) နည်းဥပဒေခွဲ (က) ပါ အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် မိမိဝန်ကြီးဌာန လက်အောက်ရှိ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းကိုလည်းကောင်း၊ ကော်မတီ၏လမ်းညွှန်ချက်ဖြင့် အခြားသက်ဆိုင်သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းကိုလည်းကောင်း တာဝန်ပေးအပ်နိုင်သည်။

(ဂ) နည်းဥပဒေခွဲ (က) ပါ အစီအစဉ်များအား အကောင်အထည်ဖော်မှုကို စောင့်ကြည့်လေ့လာ၍ စစ်ဆေးကြပ်မတ်ရန် မိမိဝန်ကြီးဌာနလက်အောက်ရှိ ဌာန၊ အဖွဲ့အစည်းများကိုဖြစ်စေ၊ ကော်မတီ၏ လမ်းညွှန်ချက်ဖြင့် သက်ဆိုင်ရာအခြားအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုကိုဖြစ်စေ စစ်ဆေးရေး အဖွဲ့ ဖွဲ့စည်းပေးခြင်းဖြင့် စစ်ဆေးစေနိုင်သည်။

(ဃ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးအတွက်လည်းကောင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ် စေရန် ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုလျှော့နည်းပပျောက်ရေးတို့အတွက် လည်းကောင်း သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂလိကအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များက အကြံတောင်းခံလျှင်ဖြစ်စေ၊ အကြံပေးရန် လိုအပ်သည်ဟု ယူဆလျှင်ဖြစ်စေ ကော်မတီက ချမှတ် သော လမ်းညွှန်ချက်များနှင့်အညီ လိုအပ်သလို အကြံပေးနိုင်သည်။

၁၇။ နည်းဥပဒေ ၁၆၊ နည်းဥပဒေခွဲ (ဂ) အရ အစီအစဉ်များ အကောင်အထည်ဖော်မှုကို စောင့်ကြည့်လေ့လာ၍ စစ်ဆေးကြပ်မတ်ခြင်းပြုလုပ်သည့် အဖွဲ့အစည်းသည် မိမိတို့၏လုပ်ငန်းတာဝန်ဆောင်ရွက်မှု အခြေအနေနှင့် သက်ဆိုင်သည့် အစီရင်ခံစာကို ဝန်ကြီးဌာနသို့ တင်ပြရမည်။

၁၈။ ဝန်ကြီးဌာနသည် -

(က) ပတ်ဝန်းကျင်နှင့်သက်ဆိုင်သည့် ဥပဒေရေးရာကိစ္စရပ်များ၊ လမ်းညွှန်ချက်များအပြင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသော သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေသော စီးပွားရေးဆိုင်ရာဆွဲဆောင်မှုနည်းလမ်းများနှင့် စည်းကမ်းချက်များအတွက် အဆိုပြုချက်များကို ပြုစုတင်ပြစေရန် ဦးစီးဌာနအား တာဝန်ပေးအပ်နိုင်သည်။

(ခ) ဦးစီးဌာနက တင်ပြသော အဆိုပြုချက်များကို စိစစ်သုံးသပ်၍ သဘောထားမှတ်ချက်နှင့်အတူ ကော်မတီသို့ တင်ပြရမည်။

၁၉။ ဝန်ကြီးဌာနသည် -

(က) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအချင်းချင်းအကြားတွင်လည်းကောင်း၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ပုဂ္ဂလိက၊ ပုဂ္ဂလိကအဖွဲ့အစည်း သို့မဟုတ် အများပြည်သူအကြားတွင်လည်းကောင်း၊ ပုဂ္ဂလိက၊ ပုဂ္ဂလိကအဖွဲ့အစည်းအချင်းချင်းအကြားတွင်လည်းကောင်း၊ ပုဂ္ဂလိက၊ ပုဂ္ဂလိကအဖွဲ့အစည်းနှင့် အများပြည်သူအကြားတွင်လည်းကောင်း ပတ်ဝန်းကျင်ဆိုင်ရာအငြင်းပွားမှုတစ်ခုခု ဖြစ်ပွားသည့်အခါ ယင်းအငြင်းပွားမှုကို အဆင်ပြေချောမွေ့စွာ ဖြေရှင်းနိုင်ရေးအတွက် အထောက်အကူပေးရန် ဦးစီးဌာနအား တာဝန်ပေးအပ်နိုင်သည်။

(ခ) ပတ်ဝန်းကျင်ဆိုင်ရာအငြင်းပွားမှုကို ညှိနှိုင်းဖြေရှင်းပေးရေးအတွက် လိုအပ်ပါက ညှိနှိုင်းဖြေရှင်းရေးအဖွဲ့အသီးသီးကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အငြင်းပွားမှုတွင် ပါဝင်သူ တစ်ဖက်စီ၏ကိုယ်စားလှယ်များ၊ သင့်လျော်သော နိုင်ငံသားများဖြင့် ဖွဲ့စည်းပေးနိုင်သည်။ အဖွဲ့၏လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးနိုင်သည်။

(ဂ) ညှိနှိုင်းဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းခြင်းကို အငြင်းပွားမှုတွင် ပါဝင်သူ တစ်ဖက်ဖက်မှ သို့မဟုတ် နှစ်ဖက်လုံးမှ ခိုင်လုံသောအကြောင်းပြချက်ဖြင့် ကန့်ကွက်လျှင် ညှိနှိုင်းဖြေရှင်းရေးအဖွဲ့ကို ပြန်လည်ဖွဲ့စည်းပေးနိုင်သည်။

(ဃ) ညှိနှိုင်းဖြေရှင်းရေးအဖွဲ့ဖြင့် ဖြေရှင်းဆောင်ရွက်၍မရနိုင်သည့် အငြင်းပွားမှုများအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ လမ်းညွှန်ချက် ခံယူရမည်။

၂၀။ ဝန်ကြီးဌာနသည် ဥပဒေပုဒ်မ ၇ (ဇ) ပါ လုပ်ပိုင်ခွင့်အရ လက်ရှိအခြေအနေတွင်ဖြစ်စေ၊ ရေတိုရေရှည်ကာလတွင်ဖြစ်စေ ပတ်ဝန်းကျင်အား သိသာထင်ရှားစွာ ထိခိုက်စေနိုင်သော ဘေးအန္တရာယ်ရှိပစ္စည်းများ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်း သို့မဟုတ် ရောင်းဝယ်ခြင်းကို တားမြစ်ရန် မြန်မာနိုင်ငံက လက်ခံထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များနှင့်အညီ ဘေးအန္တရာယ်ရှိ ပစ္စည်းအမျိုးအစားများ သတ်မှတ်ရမည်။

၂၁။ ဝန်ကြီးဌာနသည် အိုဇုန်းလွှာကာကွယ်ရေး၊ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး၊ ကမ်းရိုးတန်းဒေသ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှု လျှော့ချရေးနှင့် လိုက်လျောညီထွေရှိရေး၊ သဲကန္တာရဖြစ်ပေါ်မှုတိုက်ဖျက်ရေး၊ ပျက်စီးရန်မလွယ်ကူသော ညစ်ညမ်းပစ္စည်းများကို စီမံခန့်ခွဲရေးနှင့် အခြားပတ်ဝန်းကျင်ရေးရာကိစ္စများအတွက် ချမှတ်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး၊ ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးဆိုင်ရာ မူဝါဒ၊ အမိန့်၊ လုပ်ငန်းအစီအစဉ်နှင့် လမ်းညွှန်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစီးဌာနအား တာဝန်ပေးအပ်နိုင်သည်။

၂၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က အခြားလုပ်ငန်းတာဝန်များ ပေးအပ်ပါက ဝန်ကြီးဌာနသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂိုလ်များနှင့် ပူးပေါင်းညှိနှိုင်း၍သော်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၂၃။ ဦးစီးဌာနသည် -

(က) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ နိုင်ငံတစ်ဝန်းလုံးနှင့်ဖြစ်စေ၊ သက်ဆိုင်ရာဒေသနှင့်ဖြစ်စေ သက်ဆိုင်သော နှစ်တို၊ နှစ်လတ်၊ နှစ်ရှည်စီမံကိန်းများကို ညှိနှိုင်းရေးဆွဲ၍ ဝန်ကြီးဌာန အတည်ပြုချက်ဖြင့် အကောင်အထည်ဖော်ခြင်း၊ အကောင်အထည်ဖော်မှုကို ကြီးကြပ်ကွပ်ကဲခြင်းနှင့် စိစစ်သုံးသပ်ခြင်း ပြုရမည်။

(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးအတွက်လည်းကောင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်စေရန် ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုလျော့နည်းပပျောက်ရေးတို့အတွက်လည်းကောင်း အစီအစဉ်များကို ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ဂ) နည်းဥပဒေခွဲ (က) နှင့် (ခ) တို့ပါ စီမံကိန်းများနှင့် အစီအစဉ်များ အကောင်အထည်ဖော်မှုကို စောင့်ကြည့်လေ့လာ၍ လိုအပ်ပါက အခြားအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပြီး လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် သက်ဆိုင်သည့် အစီရင်ခံစာကို ဝန်ကြီးဌာနသို့ တင်ပြရမည်။

၂၄။ ဦးစီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သက်ဆိုင်သည့် လိုအပ်သော ဥပဒေရေးရာကိစ္စရပ်များ၊ လမ်းညွှန်ချက်များအပြင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသော သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေသော စီးပွားရေးဆိုင်ရာဆွဲဆောင်မှုနည်းလမ်းများနှင့် စည်းကမ်းချက်များအတွက် အဆိုပြုချက်များကို ပြုစု၍ ဝန်ကြီးဌာနသို့ တင်ပြရမည်။

၂၅။ ဦးစီးဌာနသည် လက်ရှိအခြေအနေတွင်လည်းကောင်း၊ ရေတိုရေရှည်ကာလတွင်လည်းကောင်း ပတ်ဝန်းကျင်အား သိသာထင်ရှားစွာ ထိခိုက်စေနိုင်သော ဘေးအန္တရာယ်ရှိပစ္စည်းများ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်း သို့မဟုတ် ရောင်းဝယ်ခြင်းကို တားမြစ်ရန် ဝန်ကြီးဌာနက ဘေးအန္တရာယ်ရှိပစ္စည်းအမျိုးအစားများ သတ်မှတ်နိုင်ရေးအတွက် လိုအပ်သော အချက်အလက်များကို မြန်မာနိုင်ငံက လက်ခံထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များနှင့်အညီ ပြုစု၍ ဝန်ကြီးဌာနသို့ တင်ပြရမည်။

၂၆။ ဦးစီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အောက်ပါလုပ်ငန်းတာဝန်များကိုလည်း ဆောင်ရွက်ရမည် -

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်အရည်အသွေးမြှင့်တင်ရေးတို့အတွက် အချက်အလက်များ ကောက်ယူစုစည်းခြင်း၊ သုတေသနပြုခြင်းနှင့် လေ့ကျင့်သင်ကြားမှုအစီအစဉ်များ ဆောင်ရွက်ခြင်း၊

(ခ) ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေမှုဆိုင်ရာမူဝါဒနှင့်အညီ ဆောင်ရွက်မည့် အစီအစဉ်များ ချမှတ်ခြင်း၊

(ဂ) ပတ်ဝန်းကျင်ဆိုင်ရာသတင်းအချက်အလက်များ ဖြန့်ဖြူးရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးမှု မြှင့်တင်ရေးတို့အတွက် အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဃ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရပ်ကို ကျောင်းများတွင် သင်ကြားနိုင်ရေး၊ အများပြည်သူတို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာပညာပေးရေးနှင့် ပြန်ကြားရေးလုပ်ငန်းများ စီမံဆောင်ရွက်ခြင်း၊

(င) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိက၊ ပုဂ္ဂလိကအဖွဲ့အစည်းများက ဆောင်ရွက်မည့် ပတ်ဝန်းကျင်အရည်အသွေးကို ထိခိုက်စေနိုင်သည့် လုပ်ငန်း၊ စက်ရုံ၊ အလုပ်ရုံများနှင့်စပ်လျဉ်း၍ လိုအပ်သည့် ခွင့်ပြုချက်များ ထုတ်ပေးနိုင်ရန် စိစစ်တင်ပြခြင်း၊

(စ) အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များ၊ ပြည်တွင်းတည်ဆဲဥပဒေများအရ ကန့်သတ်ထားသည့် သို့မဟုတ် တားမြစ်ထားသည့် ပတ်ဝန်းကျင်ကိုထိခိုက်မှုဖြစ်စေနိုင်သော ဘေးအန္တရာယ်ရှိပစ္စည်းများ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ ထောက်ခံချက်ကို စိစစ်၍ သဘောထားမှတ်ချက်ပေးခြင်း၊

(ဆ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းစဉ်ဆိုင်ရာ လမ်းညွှန်ချက်များ သတ်မှတ်ထုတ်ပြန်ခြင်း၊

(ဇ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်သည့်စနစ်ကို ရေးဆွဲ၍ ဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(ဈ) နိုင်ငံတစ်ဝန်းလုံးအတွက် ပတ်ဝန်းကျင်အခြေအနေ အစီရင်ခံစာပြုစုတင်ပြခြင်း၊

(ည) နိုင်ငံတစ်ဝန်းလုံးအတွက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ၊ ကိစ္စရပ်တစ်ခုချင်းအလိုက်ဖြစ်စေ ပတ်ဝန်းကျင်အခြေအနေကို ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ အများပြည်သူသို့ ထုတ်ပြန်ကြေညာခြင်း။

## အခန်း (၄)
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း

၂၇။ ကော်မတီသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ၊ နိုင်ငံအချင်းချင်း သဘောတူညီချက်များ၊ စာချုပ်စာတမ်းများ ချုပ်ဆိုရန် လိုအပ်သည်ဟု ယူဆပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူ၍ လိုအပ်သလို ဆောင်ရွက်ရန် ဝန်ကြီးဌာနအား တာဝန်ပေးအပ်နိုင်သည်။

၂၈။ ကော်မတီသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးအတွက် မြန်မာနိုင်ငံက အကောင်အထည်ဖော် ဆောင်ရွက်ရန်ရှိသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ ဒေသဆိုင်ရာသဘောတူညီချက်များ၊ နိုင်ငံအချင်းချင်း သဘောတူစာချုပ်များနှင့်အညီ ဆောင်ရွက်ရန် -

(က) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးနိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းနိုင်သည်။

## အခန်း (၅)
## ပတ်ဝန်းကျင်စီမံခန့်ခွဲမှုရန်ပုံငွေ

၂၉။ ကော်မတီသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် -

(က) အလှူငွေ၊ ထောက်ပံ့ငွေနှင့် အခြားရငွေများကို ငွေသားဖြင့်ဖြစ်စေ၊ ဘဏ်စာရင်းလွှဲပြောင်းခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ လက်ခံနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) ပါ အလှူငွေ၊ ထောက်ပံ့ငွေနှင့် အခြားရငွေများကို ပတ်ဝန်းကျင်စီမံခန့်ခွဲမှုရန်ပုံငွေစာရင်းသို့ ပေးသွင်းစေရမည်။

(ဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုရန်ပုံငွေကို ကော်မတီက အခြားနည်းဆုံးဖြတ်ဆောင်ရွက်ခြင်းမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စများအတွက်သာ သုံးစွဲရမည်။

(ဃ) နည်းဥပဒေခွဲ (က) အရ ရရှိသောငွေများကို ဝန်ကြီးဌာနက စာရင်းပြုစုထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စစ်ဆေးခြင်းနှင့် စီမံခန့်ခွဲခြင်းပြုရန် ညွှန်ကြားရမည်။

[ ဆက်လက်ဖော်ပြပါမည်။ ]

**[ ယခင်အပတ် ပဲခူးတိုင်းဒေသကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဥပဒေ၊ (၂၀၁၄ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဥပဒေအမှတ် ၂။) မှအဆက် ]**

## အခန်း (၇)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၇။ မည်သူမဆို ပုဒ်မ ၁၂ နှင့် ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် တစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၁၈။ မည်သူမဆို ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ခြောက်လထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ခြင်းခံရမည်။

၁၉။ မည်သူမဆို ပုဒ်မ ၁၅ နှင့် ပုဒ်မ ၁၆ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် သုံးလထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

## အခန်း (၈)
## အထွေထွေ

၂၀။ ကော်မတီသည် မိမိ၏လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် အကူအညီများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များထံမှ တောင်းခံရယူနိုင်သည်။

၂၁။ တိုင်းဒေသကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီ၏ တာဝန်ပေးခြင်းခံရသူသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သည့် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းမဆို တိုင်းဒေသကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီ၏ ခွင့်ပြုမိန့်ဖြင့် တရားစွဲဆိုပိုင်ခွင့်ရှိသည်။

၂၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ဖောက်ဖျက်သော ပြစ်မှုများအား ဤဥပဒေအရသာ အရေးယူဆောင်ရွက်ရမည်။

၂၃။ ဤဥပဒေအရ တရားစွဲဆိုသောပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၂၄။ ဤဥပဒေအရ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကိစ္စတစ်ရပ်ရပ်အတွက်ဖြစ်စေ၊ မီးငြိမ်းသတ်ရာတွင်ဖြစ်စေ သဘောရိုးဖြင့် ဆောင်ရွက်သော ကော်မတီဝင်တစ်ဦးဦးကိုဖြစ်စေ၊ ဝန်ထမ်းတစ်ဦးဦးကိုဖြစ်စေ တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၂၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) တိုင်းဒေသကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီသည် ဝန်ကြီး၏သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုအပ်သလို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ညဏ်ဝင်း၊
ဝန်ကြီးချုပ်၊
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်<br>( ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက် ) | သောကြာနေ့ |

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### နိုင်ငံတော်သမ္မတရုံး
### အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၁၄

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်
( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၂ ရက် )

နိုင်ငံတော်သမ္မတရုံး၊ ဒုတိယသမ္မတ (၂) ဦးစီးရုံးမှ ဦးစီးအရာရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ဒေါ်မာမာအေးအား ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လစာနှုန်းတူရာထူးဖြင့် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ပြန်လည်ပြောင်းရွှေ့ တာဝန်ထမ်းဆောင်စေလိုက်သည်။

လှထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်သမ္မတရုံး။

### ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
### အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၁၄

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်
( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၇ ရက် )

လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ်မှ လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုထားသော လေ ၂၃၅၀ **ဗိုလ်ကြီးကိုကိုကြီး**အား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတွင် လစ်လပ်လျက်ရှိသည့် **ဌာနစုမှူး** လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးနေရာ၌ **၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍** ခန့်ထားလိုက်သည်။

ဇော်သန်းသင်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး။

## ပြည်သူ့လွှတ်တော်ရုံး
## အမိန့်ကြော်ငြာစာအမှတ် (၇၉/၂၀၁၄)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်
( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၆ ရက် )

ပြည်သူ့လွှတ်တော်ရုံးမှ အောက်ပါ ဦးစီးမှူး (၄) ဦးနှင့် ဒုတိယဦးစီးမှူး (၆) ဦးတို့အား ဦးစီးအရာရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးနေရာများသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| ၁။ | ဒေါ်စိုးစိုး | ဦးစီးမှူး | ဦးစီးအရာရှိ |
| ၂။ | ဒေါ်မြမြစန်း | ဦးစီးမှူး | ဦးစီးအရာရှိ |
| ၃။ | ဒေါ်ရည်မွန်သူ | ဦးစီးမှူး | ဦးစီးအရာရှိ |
| ၄။ | ဒေါ်သီသီဝင်း | ဦးစီးမှူး | ဦးစီးအရာရှိ |
| ၅။ | ဒေါ်စောမြသီတာ | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၆။ | ဦးနေဝင်းမောင် | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၇။ | ဒေါ်မေသက်ခိုင် | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၈။ | ဦးဇော်မျိုးလွင် | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၉။ | ဒေါ်ကေသီမြင့် | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၁၀။ | ဒေါ်ဇင်မာဝင်း | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |

(ပုံ) တင်ဝင်းအောင်၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
ပြည်သူ့လွှတ်တော်ရုံး။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## အမိန့်ကြော်ငြာစာ (၉၅/၂၀၁၄)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်
( ၂၀၁၄ ခုနှစ်၊ မေလ ၁၆ ရက် )

မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ နတ်မှော်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၉၇၀/ကင်းရွာအနောက်ကွင်း)၊ ဦးပိုင်အမှတ် (-) မှ မြေဧရိယာ (၅. ၄၇) ဧကအား **ဓမ္မအလင်းရောင်တောရကျောင်း** သာသနာ့မြေအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ - ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၉၇/၂၀၁၄)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်
( ၂၀၁၄ ခုနှစ်၊ မေလ ၂၀ ရက် )

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ ဇရပ်ကွင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၀၂၀/သရက်ကုန်းကွင်း)၊ ဦးပိုင်အမှတ် (၆) မှ မြေဧရိယာ (၂. ၂၀) ဧကနှင့်

ဦးပိုင်အမှတ် (N/၃၇) မှ မြေဧရိယာ (၁. ၄၃) ဧက၊ **စုစုပေါင်းမြေဧရိယာ (၅. ၆၃) ဧက**ရှိမြေအား **ကျောက်တစ်လုံးတောရဓမ္မရိပ်သာကျောင်း**မြေအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

ထွန်းလှအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

## စစ်ရာထူးခန့်ချုပ်ရုံး
## (ကြည်းတပ်ဌာနခွဲ)

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်
( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၀ ရက် )

အမှတ် ၈၄/၂၀၁၄ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၄ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၄၃) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

(၁) မျိုးမြင့် ကြည်း ၆၇၄၄၄

## (ကြည်းတပ်ဌာနခွဲ)

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်
( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၇ ရက် )

အမှတ် ၁၀၆/၂၀၁၄ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၄၄) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

ရဲထွန်း ကြည်း ၆၇၄၅၇

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

**မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့**
**စည်ပင်သာယာရေးဝန်ကြီးဌာန**
၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်
( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၉ ရက် )

အမှတ် ၃ ။ ။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့နှင့် ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အောက်ဖော်ပြပါ အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ/စက်မှု) (၉) ဦးအား အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ လက်ထောက်အင်ဂျင်နီယာ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးသို့ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

(က) ဦးသန်းဦး
(ခ) ဦးသိန်းထွန်းဦး
(ဂ) ဒေါ်မာလာကျော်
(ဃ) ဦးဇော်ဝင်းထွန်း
(င) ဦးခိုင်ဇော်မိုး
(စ) ဦးမြင့်လင်း
(ဆ) ဦးမင်းမင်းသန်း
(ဇ) ဦးကျော်ဇေလတ်
(ဈ) ဒေါ်သန်းသန်းစိုး

အမှတ် ၄ ။ ။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့နှင့် ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အောက်ဖော်ပြပါ ဒု-ဦးစီးမှူး (၁၂) ဦးအား အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ဦးစီးအရာရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးသို့ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

(က) ဦးရှိန်မြင့်မောင်
(ခ) ဦးမျိုးဝင်း
(ဂ) ဦးမျိုးနိုင်
(ဃ) ဦးကျော်ငွေဦး
(င) ဦးဟန်မြင့်
(စ) ဒေါ်သိန်းသိန်းဝင်း
(ဆ) ဒေါ်ညိုမီမီမြင့်
(ဇ) ဦးဉာဏ်ဦး
(ဈ) ဒေါ်မော်မော်လွင်
(ည) ဦးဆန်းဝင်း
(ဋ) ဒေါ်နွယ်နွယ်အေး
(ဌ) ဦးသိန်းငွေး

နေရှင်း၊
ဝန်ကြီး၊
စည်ပင်သာယာရေးဝန်ကြီးဌာန၊
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက် ( ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**နိုင်ယု ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်**

**Naing Yu Trading Company Limited**

အစုရှင်များ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၁၅) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **နိုင်ယု ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် (Naing Yu Trading Company Limited)** အား (၁၅-၇-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးဝင်းထွဋ်အောင် (B.Com, C.P.A, M.B.A) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို တစ်လအတွင်း ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးသန်းခင်
အုပ်ချုပ်မှုဒါရိုက်တာ
Naing Yu Trading Co., Ltd

ဦးဝင်းထွဋ်အောင်
B.Com, C.P.A, M.B.A
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## ဝင်းဝင်းလင်း သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်

## Win Win Lynn Mining Company Limited

အစုရှင်များ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၁၅) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ဝင်းဝင်းလင်း သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် (Win Win Lynn Mining Company Limited)** အား (၁၅-၇-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးဝင်းထွဋ်အောင် (B.Com, C.P.A, M.B.A) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို တစ်လအတွင်း ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ယဉ်မင်းထွေး
အုပ်ချုပ်မှုဒါရိုက်တာ
Win Win Lynn Mining Co., Ltd

ဦးဝင်းထွဋ်အောင်
B.Com, C.P.A, M.B.A
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## ကြယ်စင်နှင့်ညီမျှခြင်း အပြည်ပြည်ဆိုင်ရာရောင်းဝယ်ရေးကုမ္ပဏီလီမိတက်

## Star & Equal International Trading Company Limited

အစုရှင်များ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၁၅) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ကြယ်စင်နှင့်ညီမျှခြင်း အပြည်ပြည်ဆိုင်ရာရောင်းဝယ်ရေးကုမ္ပဏီလီမိတက် (Star & Equal International Trading Company Limited)** အား (၁၅-၇-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးဝင်းထွဋ်အောင် (B.Com, C.P.A, M.B.A) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို တစ်လအတွင်း ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မြင့်မြင့်စမ်း
ဒါရိုက်တာ
Star & Equal Int'l Trading Co., Ltd

ဦးဝင်းထွဋ်အောင်
B.Com, C.P.A, M.B.A
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ

အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းခြင်း

**ခွာညို စိုက်ပျိုးရေးကုမ္ပဏီလီမိတက်**

**KHWAR NYO AGRICULTURE CO., LTD.**

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၃၀) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ **ခွာညို စိုက်ပျိုးရေးကုမ္ပဏီလီမိတက် (KHWAR NYO AGRICULTURE CO., LTD.)** အား ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၃၀) ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးဆန်းထွန်း (B.A, C.P.A, F.B.S.A) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

U YE SOE
Managing Director
Khwar Nyo Agriculture Co., Ltd.

ဦးဆန်းထွန်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
(ဖျက်သိမ်းဆဲ) ခွာညို စိုက်ပျိုးရေးကုမ္ပဏီလီမိတက်

ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ

အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းခြင်း

**စိန်ဒေါင်းပျံ ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်**

**SEIN DAUNG PYAN GEMS & JEWELLERY CO., LTD.**

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၃၀) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ **စိန်ဒေါင်းပျံ ကျောက်မျက်ရတနာကုမ္ပဏီလီမိတက် (SEIN DAUNG PYAN GEMS & JEWELLERY CO., LTD.)** အား ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၃၀) ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးဆန်းထွန်း (B.A, C.P.A, F.B.S.A) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

U Aung Tun Thu
Managing Director
Sein Daung Pyan Gems & Jewellery Co., Ltd.

ဦးဆန်းထွန်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
(ဖျက်သိမ်းဆဲ) စိန်ဒေါင်းပျံ
ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်

## ကံကောင်းသောဝန်းကျင်အေဂျင်စီ ကုမ္ပဏီလီမိတက်
## LUCKY ZONE AGENCY CO., LTD.
## အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၂၄) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ကံကောင်းသောဝန်းကျင်အေဂျင်စီ ကုမ္ပဏီလီမိတက် (LUCKY ZONE AGENCY COMPANY LIMITED.)** အား (၂၄-၇-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး **(B.Com, Dip I.F.R, Diploma in Business Law)** အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၃၁) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မြင့်မြင့်မော်
Managing Director
LUCKY ZONE AGENCY CO., LTD.

ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

In the Matter of the Myanmar Companies Act and

## CNOOC Myanmar Limited (Myanmar Branch)

Notice under Section 206 (1)

At an Extra-ordinary General Meeting of the Board of Directors of the Company held at No. 107, Baho Road, Ahlone Township, Yangon, Myanmar on 28-7-2014, the following resolution were passed as Special Resolutions:-

Resolved:

(1) "that the Company be and is hereby decided to be wound up voluntarily"

(2) "that Daw Winn Htay (B.Com, C.P.A, D.B.L), No. 178, Dhamazaydi Road, West Shwe Gone Taing Quarter, Bahan Township, Yangon, be and is hereby appointed as Liquidator of the Company for the purpose of such winding up and be authorized to carry on the business of the Company to such extent and for such period as may be necessary for the beneficial winding up thereof and be grated such other powers as may be deemed fit or proper."

Therefore, the creditors of the above-named Company are required to send their name, Addresses and the particulars of their debts or claims and the names and addresses of their attorneys, if any, to the under-signed Liquidator in person as by their said debts or claims on or before 29-8-2014 as in default thereof they will be excluded from the settlement of such debts and claims.

Mr. Chen Zhiyong
Director (cum) Chief Representative
CNOOC Myanmar Limited (Myanmar Branch)

Daw Winn Htay (B.Com, C.P.A, D.B.L)
Liquidator
CNOOC Myanmar Limited (Myanmar Branch)

ပ၊ စ၊ လ - အမှတ် ၇၀၀/၁၃/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၅၅/၁-၈-၂၀၁၄။